# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 27 October 2025 ၁၁၉၈၃


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**ကုန်စည်ပြပွဲအခြေပြု နိုင်ငံတကာ ဈေးကွက်ဖော်ဆောင်ရေးသို့ ...**

ဆောင်းပါး စာမျက်နှာ » ၆

**ခရီးသွားစေချင်သလား . . . . . တွန်းအားနှင့် ဆွဲအား တိုးပွားစေပါ**

ဆောင်းပါး စာမျက်နှာ » ၁၀

**သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၉

**ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သည့် ဧည့်သည် ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်**

စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကိုရှေးရှု ပါတီစုံဒီမိုကရေစီဝိုင်းဝန်းဖော်ဆောင်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စတင်ကျင်းပတော့မည်ဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက် တစ်ဆက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်ခဲ့သည့် မြို့နယ်များကိုလည်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားများအားလုံး မဲပေးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီး မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကိုလည်း ပြုစုထုတ်ပြန်အသိပေးထားသည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန်အတွက် မဲပေးခွင့်ရှိသူ နိုင်ငံသားများအားလုံး၏ အခန်းကဏ္ဍနှင့် နိုင်ငံတစ်ဝန်းလုံး ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။

"မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များ ရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများ ဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း" ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်က အဓိကကိုင်တွယ်မောင်းနှင်ပြီး စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာမဏ္ဍိုင်နှင့် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူလူထုမဏ္ဍိုင်ကြီးနှစ်ရပ်က ပူးပေါင်းပါဝင်ပြီး အပြန်အလှန် ထိန်းကျောင်းမောင်းနှင် တည့်မတ်အောင်မြင်အောင် ဆောင်ရွက်ကြသည်။ မကြာမီကာလတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပြီး ရွေးကောက်ပွဲအလွန်တွင် ခိုင်မာအားကောင်းသော လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးအချိန်မှစ၍ နိုင်ငံတော်ကို တည့်မတ်ခိုင်မာအားကောင်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်ကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့သည့် ခေတ်စနစ်အလိုက် အကောင်အထည်ဖော်ခဲ့ကြသော ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သည့် အဖွဲ့အစည်းများကိုကြည့်မည်ဆိုလျှင် ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟူသည့် နိုင်ငံရေးပါတီကြီးသုံးခုကို တွေ့မြင်ရမည်ဖြစ်သည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သော ပါတီကြီးသုံးခု၏ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများ၊ အားသာချက်၊ အားနည်းချက် အခြေအနေများကို သင်ခန်းစာယူထုတ်ဖော်ကာ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့် ပြည်သူအကျိုးကို အမှန်တကယ် ပါဝင်ဆောင်ရွက်ပေးနိုင်မည့် နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် တိုင်းပြည်အကျိုးစီးပွားကို ရှေးရှုလျက် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီး ဝင်ရောက်ယှဉ်ပြိုင်၍ အဓိကမဏ္ဍိုင်ကြီးသုံးရပ် အားကောင်းခိုင်မာပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ တိုင်းရင်းသားလူမျိုးစုများအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည်။ သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး မဲပေးခွင့်ရရှိရေး၊ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ပေါ်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ရေကြောင်း သတိပေးကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Phase 1E & Infill Development Drilling Campaign လုပ်ငန်းများအား ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Restricted Area Boundary Coordinates for 1E& Infilled Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇မိနစ် ၂၇.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆.၀၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၂၇.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၅၉.၆၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၂.၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၅၉.၆၇ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၂.၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၉.၀၄ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၉.၀၄ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆.၀၇ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၂၇.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၆.၀၇ စက္ကန့်နှင့် Tentative Schedule for Drilling with GUO HAI TAI HE "GHTH" Rig for M-9 ZWP-04 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄.၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁.၂၉ စက္ကန့်၊ ZWP-18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇မိနစ် ၀၀.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၁၅.၅၂ စက္ကန့်၊ ZWP-07 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇.၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈.၀၂ စက္ကန့်၊ ZWP-16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ ZWP-06 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈.၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄.၇၇ စက္ကန့်၊ ZWP-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၇.၀၈ စက္ကန့်နှင့် ZWP-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁.၀၁ စက္ကန့် တို့အတွင်းတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Phase 1E& Infill Development Drilling Campaign လုပ်ငန်းများအား Semi-Tender Assist Drilling Rig, GUO HAI TAI HE "GHTH" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတွင်းတူးဖော်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ၂၆ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်**သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကြို့ပင်ကောက်မြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ကြို့ပင်ကောက် အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တူးကံကျေးရွာမှ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် YSR-1 (အောင်နိုင်တိုး)စပါး ရိတ်သိမ်းခြွေလှေ့မှုကို ယနေ့တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တူးကံကျေးရွာ တူးကံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၃၂ ဦး၏ လယ်ဧက ၁၉၁ ဧကတွင် YSR-1 (အောင်နိုင်တိုး)စပါးနှင့် ဆာဖိုးသာစပါးမျိုးများ စိုက်ပျိုးထားရှိပြီး တစ်ဧကအထွက်နှုန်း ၁၀၅ တင်းထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ရှုခံစင်မြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ

**မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်း ဖောက်လုပ်နေမှု**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော် မြို့တော်ခန်းမအနီး ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်နေမှုနှင့် ပျဉ်းမနား-တောင်ညို ၈ လမ်းသွားလမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင်နေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တည်ဆောက်မှု အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးရန် တာဝန်ရှိသူများအနေဖြင့်လည်း အဆင့်လိုက် စနစ်တကျဖြစ်စေရေး စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရန် လျာထားနေရာ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ရာဇသင်္ဂဟလမ်းပေါ်ရှိ နေပြည်တော်မြို့ အဝင်မုခ်ဦးတည်ဆောက်ရန် လျာထားနေရာသို့ ရောက်ရှိကြပြီး မြို့အဝင်မုခ်ဦး တည်ဆောက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းမကြီးမှ နေပြည်တော်လေဆိပ်လမ်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် နေပြည်တော်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**☆ ပြည်သူ့ရင်ပြင်နှင့် ဖျော်ဖြေရေးရင်ပြင်အတွင်း မြန်မာ့ရိုးရာပွဲတော်များ၊ အခမ်းအနားများ ကျင်းပနိုင်ရေးဆောင်ရွက်**

**☆ မြန်မာ့သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုများ၊ နိုင်ငံတော်နှင့် သက်ဆိုင်သည့် အထိမ်းအမှတ်ရုပ်တုများကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ရေး ဒီဇိုင်းရေးဆွဲဆောင်ရွက်**

**☆ တည်ဆောက်ရေးလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်**

**ဗိုလ်ရှုခံစင်မြင့်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗိုလ်ရှုခံစင်မြင့်နေရာသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ရှုခံစင်မြင့်နှင့် စင်မြင့်မျက်နှာစာနေရာတို့အား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး ဆန်းစစ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်ဝင်းအတွင်းရှိ အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် လွှတ်တော်အဝင် အမှတ်(၁)တံတားနေရာသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် တံတားထိခိုက်ပျက်စီးမှုနှင့်

စာမျက်နှာ ၄ သို့ ✪



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ စာမျက်နှာ ၃ မှ

ရွေ့လျားမှုများဖြစ်ပေါ်ခဲ့ခြင်းအား ပြန်လည်ပြုပြင်ရာ၌ တံတားတစ်စင်းတွင် ခန်းဖွင့် ငါးခုပါဝင်ပြီး ခန်းဖွင့်တစ်ခုလျှင် အလေးချိန် တန် ၁၅၀၀ ခန့်ရှိသဖြင့် တံတားတစ်စင်းလုံး စုစုပေါင်းအလေးချိန် တန် ၇၅၀၀ ခန့်အား 3D Synchronise jack အသုံးပြုသည့် ခေတ်မီနည်းပညာဖြင့် ပင့်တင်၍ ပြုပြင်ခဲ့သည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားပြီး လွှတ်တော် အဝင်အမှတ်(၁)တံတားနှင့် မုခ်ဦးဆောင်ပြုပြင်ပြီးစီးမှု၊ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။


ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော် အဆောက်အအုံခန်းမအတွင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆောက်အအုံတို့ အပါအဝင် အခြားအထောက်အကူပြု အဆောက်အအုံများ၊ လမ်းတံတားများ၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဦးစားပေးအဆင့် သတ်မှတ်ချက်များအလိုက် ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြုပြင်မှုများဆောင်ရွက်ရာတွင် အဆင့်အလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုပြီး ရေရှည်တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အမြင်အားဖြင့်ကောင်းမွန်ရုံမဟုတ်ဘဲ ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုလွှတ်တော် အဆောက်အအုံပြုပြင်နေမှုကို တွေ့ရစဉ်။

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော်  အောက်တိုဘာ  ၂၆**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင်ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များ အနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဥတုရာသီ တောကိုမှီ၏

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၆၂ ရက် သာ လိုတော့သည်။**

### နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၃ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၁ ပါ "ငွေကျပ်သိန်း ၁၅၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၃၀၀" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ငွေကျပ်သိန်း ၃၀၀" ဆိုသည့်စကားရပ်ကို "ငွေကျပ်သိန်း ၅၀၀" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၄ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၅ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန် လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ ပါ "သိန်းတစ်ရာ့ ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(cc)တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါဝင်သော မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်များအတွက်ဖြစ်လျှင် ရွေးကောက် တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာမြို့နယ်၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေး သတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က) ပါ "သိန်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိန်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိန်းသုံးရာ" ဆိုသည့်စကားရပ်ကို "သိန်းငါးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ် သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကုန်စည်ပြပွဲအခြေပြု နိုင်ငံတကာ ဈေးကွက်ဖော်ဆောင်ရေးသို့ ...

Dr. သက်လွင်ဦး (Myantrade)

**ကုန်စည်ပြပွဲလုပ်ငန်း (Exhibition Industry) ကို စနစ်တကျနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေခြင်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသလို နိုင်ငံအတွင်း နိုင်ငံတကာဈေးကွက်ဖွံ့ဖြိုးမှုနဲ့ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။**

ကမ္ဘာ့နိုင်ငံတွေမှာ ဒေသအတွင်းနဲ့ နိုင်ငံတကာ ကုန်စည်ပြပွဲတွေကို လက်ခံကျင်းပခြင်းဖြင့် နိုင်ငံရဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ ဒေသခံတွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိတာကို တွေ့ရပါတယ်။

ကုန်စည်ပြပွဲက နိုင်ငံ့စီးပွားရေးမောင်းနှင်အားဖြစ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)မှာ အဓိက အခန်းကဏ္ဍမှ ပါဝင်သလို နိုင်ငံရဲ့ စီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားတစ်ခုလည်း ဖြစ်ပါတယ်။ ကုန်စည်ပြပွဲ ကျင်းပခြင်းကြောင့် မိမိနိုင်ငံကို နိုင်ငံတကာစီးပွားရေးရဲ့ ဈေးကွက်ဗဟိုချက် (Business Hub) အဖြစ် တည်ဆောက်နိုင်ပါတယ်။

ကုန်စည်ပြပွဲက အဆင့်မြင့်ခရီးသွားလုပ်ငန်း (High-value Tourism) မြှင့်တင်ရေးလုပ်ငန်းတစ်ခု ဖြစ်ပြီး ခရီးသွားလာရေးကဏ္ဍကနေ နိုင်ငံရဲ့ GDP ကို တိုးတက်စေနိုင်ပါတယ်။ ကုန်စည်ပြပွဲပလက်ဖောင်းဟာ မိမိထုတ်ကုန်တွေကို ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်ခြင်း၊ နိုင်ငံတကာကုန်သည်တွေနဲ့ Networking တည်ဆောက်ခြင်း၊ ကုန်အမှတ်တံဆိပ် အသိပညာနဲ့ ဈေးကွက်ရဲ့ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကို လေ့လာနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်။

ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာ လုပ်ငန်းကို **နိုင်ငံတကာမှာ MICE Industry လို့ အတိုကောက်ခေါ်ဆိုပါတယ်။ MICE Industry ဆိုတာက Meetings (အစည်းအဝေးကျင်းပခြင်း)၊ Incentives (ဆက်စပ်အကူအညီပေးရေးလုပ်ငန်းများ၊ ဥပမာ-ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ)၊ Conferences (ညီလာခံ၊ စီးပွားရေးတွေ့ဆုံပွဲ)၊ Exhibitions (ကုန်စည်ပြပွဲနဲ့ အခမ်းအနားများ) ပေါင်းစပ်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံတွေက သူတို့နိုင်ငံမှာ ဒေသဆိုင်ရာ ကုန်စည်ပြပွဲနဲ့ ထုတ်ကုန်အခြေပြု ကုန်စည်ပြပွဲတွေ လက်ခံကျင်းပနိုင်အောင် လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။**



မြန်မာ-တရုတ် စီးပွားရေးကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပစဉ်။

### မှတ်သားမိသမျှ မြန်မာ့ကုန်စည်ပြပွဲများ

မြန်မာနိုင်ငံမှာ နိုင်ငံတော်အဆင့် ကုန်စည်ပြပွဲတွေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့ပါတယ်။ **"မြန်မာကုန်စည်ပြပွဲ - ၉၄"** ကို ၁၉၉၄ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၁၂ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်)မှာ **"ပို့ကုန်မြှင့်မား ပြည့်စွမ်းအား"** ဆောင်ပုဒ်နဲ့ တစ်ကြိမ်၊ **"မြန်မာကုန်စည်ပြပွဲ - ၉၅"** ကို ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကနေ မတ်လ ၃ ရက်နေ့အထိ ရန်ကုန်မြို့ သိမ်ကြီးဈေးရှိမြန်မာ့ကုန်တိုက်မှာ **"ကုန်သွယ်မှုမှ ဝေမျှခံစား အကျိုးစီးပွား"** ဆောင်ပုဒ်နဲ့ တစ်ကြိမ်နဲ့ **"မြန်မာကုန်စည်ပြပွဲ-၉၆"** ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ကနေ ၂၅ ရက်နေ့အထိ ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)မှာ မြန်မာ့ခရီးသွားနှစ် ဆောင်ပုဒ်နဲ့တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲကို ကုန်သွယ်ရေးဝန်ကြီးဌာန (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)နဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး မူဆယ်မြို့နဲ့ တရုတ်နိုင်ငံ ရွှေလီမြို့တို့မှာ ၂၀၀၄ ခုနှစ်ကနေစပြီး နှစ်စဉ် ဒီဇင်ဘာလမှာ အလှည့်ကျ ကျင်းပပြုလုပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်ကနေ ၇ ရက်အထိ **"The First CLMTV-ECS Trade Fair - 2004"** ကို **"Towards Prosperity of Five Nations"** ဆောင်ပုဒ်နဲ့ မြန်မာနိုင်ငံက ဦးဆောင်ပြီး ရန်ကုန်မြို့ Myanmar Convention Center မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

နောက်ပိုင်းမှာ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို ရန်ကုန်မြို့မှာ ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တို့မှာ နှစ်ကြိမ် လက်ခံကျင်းပခဲ့ပါတယ်။ မြန်မာ-တရုတ် (လန်ချန်း) ကုန်စည်ပြပွဲကို ၂၀၁၉ ခုနှစ်မှာ လားရှိုးမြို့နဲ့ ၂၀၂၃ ခုနှစ်မှာ နေပြည်တော်တို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

### မြန်မာနိုင်ငံ၏ ကုန်စည်ပြပွဲလုပ်ထုံးလုပ်နည်း

ကုန်စည်ပြပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနရဲ့ မြန်မာနိုင်ငံ ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၁၅) မှာ ကုန်စည်ပြပွဲကျင်းပခြင်းအတွက် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းဖော်ပြခဲ့ပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်စည်ပြပွဲလုပ်ငန်းတွေ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတင်းလွှာ ၁/၂၀၂၅ ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ စီးပွားရေးအဖွဲ့အစည်းများကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။**

အဲဒီ လုပ်ထုံးလုပ်နည်း သတင်းလွှာမှာပါတဲ့ ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပရာမှာ လုပ်ငန်းရှင်တွေ သိသင့်တဲ့ အချက်အလက်အချို့ကို ကောက်နုတ်တင်ပြလိုပါတယ်။

### ကုန်စည်ပြပွဲကျင်းပခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေဟာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ ပြပွဲစီစဉ်ကျင်းပသူ(Organizer) အဖြစ် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)၊ Company Director List၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (မိတ္တူ)၊ ကုမ္ပဏီရဲ့ အခွန်ထမ်းဆောင်မှု (၃ နှစ်စာ)၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာအသင်းရဲ့ ထောက်ခံချက်တွေနဲ့ မှတ်ပုံတင် လျှောက်ထားနိုင်ပါတယ်။

ပြပွဲစီစဉ်ကျင်းပသူ (Organizer) တွေအနေနဲ့ ပြည်တွင်း ကုမ္ပဏီ/လုပ်ငန်းရှင်တွေ စုပေါင်းပြသတဲ့ ကုန်စည်ပြပွဲတွေကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်ပါတယ်။ ပြည်ပနိုင်ငံတွေကနေ လာရောက်ပြသခြင်း၊ ပူးပေါင်းပြသခြင်းနဲ့ ပြည်ပဝယ်ယူသူတွေကို ဖိတ်ခေါ်ခြင်းစတဲ့ ကုန်စည်ပြပွဲတွေကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ ခွင့်ပြုချက် ရယူဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကုန်စည်ပြပွဲ ခွင့်ပြုမိန့်ကို ပြပွဲကျင်းပမယ့်ရက်မတိုင်မီ အနည်းဆုံး သုံးလကြိုတင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို လိပ်မူပြီး ကုန်စည်ပြပွဲအမည်၊ ကျင်းပမယ့် နေ့ရက်/အချိန်၊ ကျင်းပမယ့်နေရာဒေသ၊ ပြသမယ့် ပစ္စည်းအမျိုးအစား၊ ပြည်တွင်းထုတ်ကုန် (သို့မဟုတ်) ပြည်ပမှ တင်သွင်းကုန်ဖြစ်ကြောင်း ဖော်ပြချက်၊ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ပြည်တွင်းနဲ့ ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း ပူးပေါင်းကျင်းပတဲ့ ပြပွဲဖြစ်ရင် ပြည်တွင်းမှ ပြပွဲစီစဉ်ကျင်းပသူနဲ့ ပြည်ပမှ တာဝန်ခံစီစဉ်ကျင်းပသူ (Foreign Organizer) တို့အကြား ချုပ်ဆိုထားတဲ့ သဘောတူညီချက်(မိတ္တူ)၊ လုံခြုံရေးကိစ္စရပ်တွေကို ဆောင်ရွက်မယ့် အစီအမံနဲ့ လုံခြုံရေးကိစ္စရပ်တွေကို တာဝန်ယူမှာဖြစ်ကြောင်း ကတိခံဝန်ချက်၊ ပြပွဲကျင်းပမယ့် ပြပွဲခန်းမငှားရမ်းခြင်းအတွက် ပဏာမသဘောတူညီချက် အထောက်အထား(မိတ္တူ)၊ ပြပွဲအတွက် တာဝန်ပေးအပ်ထားတဲ့ ဆိပ်ကမ်းရှင်းလင်းရေးနဲ့ အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ် အမည်/ကုမ္ပဏီအမည်နဲ့ လွှဲအပ်စာမူရင်းတို့ကို တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ စီးပွားရေးသမဝါယမအသင်းအဖွဲ့တွေ၊ ကုန်သည်အသင်းအဖွဲ့တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သံရုံးတွေက ပြည်တွင်းမှာ ကုန်စည်ပြပွဲကျင်းပလိုရင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ မြန်မာကုမ္ပဏီတစ်ခုကို ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် တာဝန်ပေးပြီး ဆောင်ရွက်နိုင်ပါတယ်။

### ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ၏ တာဝန်များ

ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) တွေအနေနဲ့ အောက်ပါအချက်တွေကို တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်-

- ကုန်စည်ပြပွဲ ကျင်းပခွင့်ပြုမိန့်ရရှိရေးနဲ့ ပြပွဲမှာ ပြသမယ့်ပစ္စည်းတွေ တင်သွင်း၊ တင်ပို့ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊ **စာမျက်နှာ ၇ သို့** ○

> **❝ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်စည်ပြပွဲလုပ်ငန်းတွေ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတင်းလွှာ ၁/၂၀၂၅ ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှာ ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ စီးပွားရေးအဖွဲ့အစည်းများကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ် ❞**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တောင်သူတွေ့ဆုံပွဲ တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ တောင်သူတွေ့ဆုံပွဲနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး အနိမ့်တင်ဆိုလာပန့်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘဲကုန်းကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ သီးနှံများအထွက်နှုန်းကောင်းမွန်ရန်အတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက်သဘာဝမြေသြဇာများအပြည့်အဝထည့်သွင်းအသုံးပြုခြင်း၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများထည့်သွင်းအသုံးပြုခြင်း၊ သီးနှံပင်ကြွင်းကျန်များထည့်သွင်းအသုံးပြုခြင်း၊ ဓာတ်မြေသြဇာများကို အချိန်ကိုက်အချိုးကျအသုံးပြုခြင်း၊ စိုက်ပျိုးနည်းစနစ်များကို မှန်မှန်ကန်ကန်လိုက်နာမှသာ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပါကြောင်း၊ နေပြည်တော်အတွင်း သီးထပ်စိုက်ပျိုးနိုင်ရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက်ပြုပြင်ခြင်းနှင့် ထိန်းသိမ်းလည်ပတ်ခြင်းလုပ်ငန်းများ၊ မြေအောက်ရေစက်ရေတွင်းများ တူးဖော်ခြင်း၊ ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ခြင်း၊ ယာယီချောင်းပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဆိုလာနှင့် လျှပ်စစ်ရေတင်စနစ်များ တည်ဆောက်ခြင်း၊ ကျေးလက်ထိန်းဆည်များပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒေသစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများထံ အနိမ့်တင်ဆိုလာပန့်များ လွှဲပြောင်းပေးအပ်ကာ အနိမ့်တင်ဆိုလာပန့်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘောဂသိဒ္ဓိရပ်ကွက်၌ လူပျိုဆောင်နှင့် အမှုထမ်းအိမ်ရာများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီအောင်ဆောင်ရွက်ရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းအချင်းချင်း ပံ့ပိုးငွေ၊ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်နှင့် ပင်းတယမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သမဝါယမအသင်း အဆင့်ဆင့်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုးစပါးစီမံကိန်း(သက်တန့်ရောင်စီမံကိန်း)မှ မိုးစပါးစိုက်ပျိုးဆောင်ရွက် လျက်ရှိသည့် တောင်ကြီးမြို့နယ် သမဝါယမအသင်းများက စိုက်ပျိုးထားသော ရွှေရင်အေး၊ ရွှေအပ်စပါးမျိုးစိုက်ဧက ၇၀၀၊ ညောင်ရွှေမြို့နယ်က ရွှေရင်အေးနှင့် ရွှေအပ်စပါးမျိုးစိုက်ဧက ၃၈၀ နှင့် ကလောမြို့နယ်က ရွှေရင်အေးနှင့် ရွှေအပ်စပါးမျိုးစိုက်ဧက ၃၅၀ တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှမ်းပြည်နယ်အနေဖြင့် မိုးစပါးစီမံကိန်းအား မြို့နယ် ၁၄ မြို့နယ်ရှိ သမဝါယမအသင်း ၃၄ သင်းမှ မိုးစပါးစိုက်ဧက ၅၀၉၆ ဒသမ ၅ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့၌ တောင်သူနည်းပညာပေးနှင့် သဘာဝမြေဆွေးပုံများ ပြုလုပ်ခြင်းသင်တန်းဖွင့်



**တပ်ကုန်း အောက်တိုဘာ ၂၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မိုးစပါးအပါအဝင် သီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေး တောင်သူ နည်းပညာပေးနှင့် သဘာဝမြေဆွေးပုံ ပြုလုပ်ခြင်း သင်တန်းကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ရေအေးကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပညာပေးသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးအေးမင်းထွန်းက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်ရေး၊ သီးနှံထွက်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး၊ သဘာဝပိုးသတ်ဆေးများ သုံးစွဲရေးနှင့် စိုက်ပျိုးရေမျာ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေး ပညာပေး ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးတောင်သူများ သဘာဝမြေသြဇာများ ကိုယ်တိုင်ပြုလုပ် အသုံးချတတ်စေရေးအတွက် ဦးစီးအရာရှိ ဦးအေးမင်းထွန်းက ကြီးကြပ်၍ စိုက်ပျိုးရေး ပညာပေးဝန်ထမ်းများက သဘာဝမြေသြဇာပြုလုပ်ခြင်း နည်းပညာရပ်ဖြင့် လက်တွေ့မြေဆွေးပုံပြုလုပ်ခြင်း သင်ကြားပေးခဲ့ပြီး စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

❍ စာမျက်နှာ ၆ မှ

- ပြည်ပမှ လုပ်ငန်းရှင်တွေ ပြည်တွင်းကို လာရောက်ရာမှာ သွားလာတည်းခိုနေထိုင်ရေး အဆင်ပြေစေဖို့အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊
- ပြပွဲခန်းမရရှိရေး၊ ပြခန်းတည်ဆောက်ခြင်း၊ On Site Handling ကိစ္စတွေ စီစဉ်ဆောင်ရွက်ခြင်း၊
- သတင်းမီဒီယာတွေမှာ ကြော်ငြာခြင်း၊ ဖွင့်ပွဲအခမ်းအနားနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခြင်း၊
- ကုန်စည်ပြပွဲမှာ လာရောက်ပြသတဲ့ လုပ်ငန်းရှင်တွေ၊ လေ့လာသူတွေရဲ့ လုံခြုံရေးနဲ့ မီးဘေးလုံခြုံရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်ခြင်း၊
- သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နဲ့ ညှိနှိုင်းပြီး ကုန်စည်ပြပွဲမှာ ပြသ၊ လေ့လာသူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပြပွဲမှာ ခင်းကျင်းရောင်းချမယ့် စားသောက်ဆိုင်တွေရဲ့ အစားအသောက်တွေ အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ပေးခြင်း၊
- ကုန်စည်ပြပွဲမှာ တင်သွင်းပြသတဲ့ ပစ္စည်းတွေကို အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ ကိစ္စနဲ့ ဆိပ်ကမ်းရှင်းလင်းရေးကိစ္စတွေ ဆောင်ရွက်ခြင်း၊
- ပြပွဲမှာ ရောင်းချတဲ့ ပစ္စည်းတွေ(One Stop Service) အဖွဲ့နဲ့ သွင်းကုန်လိုင်စင်ထုတ်ပေးရေး၊ တင်သွင်းလာတဲ့ ပြပွဲပစ္စည်းတွေ ဈေးနှုန်းမှန်ကန်မှုရှိစေရေး၊ ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မယ့်ပစ္စည်းတွေ တင်သွင်းလာတဲ့ နိုင်ငံကို စနစ်တကျ ပြန်လည်တင်ပို့နိုင်ဖို့ ဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ တည်ဆဲဥပဒေတွေကို လာရောက်ပြသတဲ့ လုပ်ငန်းရှင်တွေ၊ လေ့လာသူတွေအားလုံးက တိကျစွာလိုက်နာနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊
- ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံ ပြပွဲကျင်းပပြီး တစ်လအတွင်း အပြီးတင်ပြခြင်း။

## ပြသမည့်ပစ္စည်းများ တင်သွင်းခြင်း

ကုန်စည်ပြပွဲမှာ ပြသမယ့်ပစ္စည်းတွေကို အထွေထွေခွင့်ပြုမိန့် (Open General License-OGL)နဲ့ တင်သွင်းခွင့်ပြုထားပြီး ပြပွဲကျင်းပမယ့်ရက်မတိုင်မီ ကြိုတင်ရောက်ရှိရမှာ ဖြစ်ပါတယ်။ ပြပွဲပြီးဆုံးပါက သက်ဆိုင်ရာနိုင်ငံကို ပြန်လည်တင်ပို့ရမှာ ဖြစ်ပါတယ်။

ပြပွဲကာလအတွင်းနဲ့ ပြပွဲပြီးနောက် ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းတွေ ဆောင်ရွက်လိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို ကြိုတင်တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ ဆက်လုပ်ခွင့်ပြုပါတယ်။ ပြပွဲမှာရောင်းချတဲ့ ပစ္စည်းတွေက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာဌာနတွေရဲ့ စစ်ဆေးခွင့်ပြုချက်ရယူရမယ့် ပစ္စည်းဖြစ်ရင် ခွင့်ပြုချက်ရယူပြီးမှ ရောင်းချခွင့်ရှိမှာ ဖြစ်ပါတယ်။

ကုန်စည်ပြပွဲမှာ ခင်းကျင်းပြသရောင်းချဖို့အတွက် လာရောက်ပြသတဲ့ ကုန်ပစ္စည်းတွေအနက် ရောင်းချပြီးတဲ့နောက် ရောင်းချလို့မရဘဲ ကျန်တဲ့ပစ္စည်းတွေကို ကုန်စည်ပြပွဲပြီးဆုံးတဲ့နေ့ကနေ တစ်လအတွင်း သက်ဆိုင်ရာနိုင်ငံကို အပြီးပြန်လည်တင်ပို့ခြင်း၊ သက်ဆိုင်ရာဌာနတွေကို ပြန်လည်ရှင်းလင်းတင်ပြခြင်းတွေကို ဆောင်ရွက်ရပါမယ်။ ပြန်လည်တင်ပို့ရာမှာ ပို့ကုန်လိုင်စင်လျှောက်ထားဖို့ မလိုဘဲ အထွေထွေခွင့်ပြုမိန့် (Open General License-OGL) နဲ့ တင်ပို့ခွင့်ပြုပါတယ်။

ကုန်စည်ပြပွဲမှာ ရောင်းချတဲ့ပစ္စည်းတွေအတွက် ကျသင့်တဲ့ သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ အခြားသက်ဆိုင်တဲ့ အခွန်အခတွေကို သတ်မှတ်နှုန်းထားအတိုင်း သက်ဆိုင်ရာဌာနတွေကို မပျက်မကွက်ပေးဆောင်ရမှာ ဖြစ်ပါတယ်။

## ကုန်စည်ပြပွဲဈေးကွက်ဖော်ဆောင်ရေး

ကုန်စည်ပြပွဲအခြေပြုစီးပွားရေးကို အိမ်နီးချင်း ထိုင်းနိုင်ငံမှာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံတကာကုန်စည်ပြပွဲစင်တာ ကိုးခုရှိပြီး နှစ်စဉ်အဓိက ကုန်စည်ပြပွဲ ၆၀ ခန့် ကျင်းပလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလမတိုင်မီ ၂၀၁၉ ခုနှစ်စာရင်းအရ ကုန်စည်ပြပွဲကျင်းပခြင်းကနေ နိုင်ငံ GDP ရဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ ဘီလီယံ သက်ရောက်မှုရှိခဲ့ပါတယ်။ အလားတူ အရှေ့တောင်အာရှနိုင်ငံတွေဟာလည်း သူတို့နိုင်ငံတွေမှာ ကုန်စည်ပြပွဲဈေးကွက်ဖော်ဆောင်နိုင်ဖို့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

**မြန်မာနိုင်ငံမှာလည်း ကုန်စည်ပြပွဲတွေကို နိုင်ငံတော် အစိုးရတွေအနေနဲ့ ခေတ်အဆက်ဆက် အားပေးမြှင့်တင်ဆောင်ရွက်ခဲ့တာကိုတွေ့ရှိရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်း ကုန်စည်ပြပွဲအခြေပြု စီးပွားရေးလုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်တွင်း /ပြည်ပကုန်စည်ပြပွဲတွေ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သော့ချက်ဖြစ်တဲ့ ကုန်စည်ပြပွဲလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်းမှာ မြန်မာနိုင်ငံရဲ့ဦးဆောင်မှုကို ပြသနိုင်ဖို့ပါ တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။** ။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူး(စကု)မြို့နယ်၌ ကျေးရွာအုပ်စုများမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး




မင်းဘူး အောက်တိုဘာ ၂၆

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲက မင်းဘူး(စကု)မြို့နယ် ကံကုလား ကျေးရွာ ကံသာယာဓမ္မာရုံ၌ ကျေးရွာအုပ်စုအတွင်းမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကံကုလားကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တွေ့ဆုံပွဲ တက်ရောက်လာသူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ လက်တွေ့စမ်းသပ်သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကံသစ်၊ ကုလားပါး၊ ကံကုလား၊ ကျောက်ဆစ်ပုံ၊ ကျောက်စံ၊ မန်းကောက်ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော တောင်သူများ၏ ဒေသအခက်အခဲတင်ပြမှုများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကံသစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ကံကုလားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**

# မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ပြောကြား**

ဦးစွာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်တွင် ယခင်က PFI ဘဏ်များအဖြစ် နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဆောင်ရွက်ခဲ့ရာ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ ပိုမိုထုတ်ချေးနိုင်ရေးအတွက် PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ်များမှ ပါဝင်ဆောင်ရွက်ရေး၊ လက်ရှိအများဆုံး ထုတ်ချေးနိုင်သည့် ချေးငွေပမာဏသတ်မှတ်ချက် ငွေကျပ်သိန်း ၃၀၀၀ အစား ငွေကျပ်သိန်း ၅၀၀၀ အထိ တိုးမြှင့်ထုတ်ချေးရေး၊ ကုမ္ပဏီအစုအဖွဲ့များ၊ ဆီစက်အကြီးများ စက်အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းများအတွက် ချေးငွေပမာဏ ငွေကျပ်သိန်း ၁၀၀၀၀ အထိ ထုတ်ချေးရေး၊ အာမခံလုံလောက်စွာပေးနိုင်ခြင်း မရှိသည့် ဆီစက်လုပ်ငန်းရှင်များအတွက် ချေးငွေအာမခံစနစ် (CGI) ဖြင့် ချေးငွေရယူနိုင်စေရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီကာလတွင် PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ်များ ပါဝင်လာမည်ဖြစ်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေများကို ပိုမိုကျယ်ပြန့်စွာ တိုးတက်ထုတ်ချေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေများ ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးနိုင်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်း ပြင်ဆင်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပြီးစီးမှု၊ ချေးငွေများထုတ်ချေးပြီးစီးမှု၊ အချိန်စေ့ငွေများကို ပြန်လည်ကောက်ခံရရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက မင်းထက်ကြွယ် စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးစဉ်။**

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဟိုပုံးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု

ဟိုပုံး အောက်တိုဘာ ၂၆




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးရဲခေါင်ထွန်း၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမင်းလတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ကြွယ်ကြွယ်ဝင်းနှင့် တာဝန်ရှိသူတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ကျပ် ၁၇၄ ဒသမ ၉၈၇ သန်းဖြင့် ဆောင်ရွက်သည့် အောင်ပွဲ-ကုန်းတလေး-တဖူးကိုင်း-လွယ်တဝိုင်း-ဟိုနမ့်လမ်း မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်း (၀/၃)မိုင်ကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၁၅ ဒသမ ၆၃၅ သန်းဖြင့် ဆောင်ရွက်သည့် ကုန်းသာ-လွယ်တဝိုင်း-ချေးပေး-ဒုံမေးခိုး-နမ့်ပါချီး-ညောင်မွန်း လမ်းမြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်း (၀/၂)မိုင် ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကျွန်းစုမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်း

ကျွန်းစု အောက်တိုဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက ကပကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသူထူးချွန်ဆု၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး သင်တန်းတွင် ချောကလက်ဒိုးနတ်၊ တူနာငါးညှပ်ပေါင်မုန့်၊ မွေးနေ့ကိတ်၊ ငှက်ပျောသီးကိတ်၊ ပျားရည်အလွှာကိတ်၊ မာဖင်၊ ပူတင်းခွက်၊ အုန်းနံ့ကထိုင်၊ ပဲချောင်းအစိမ့်၊ ရေတ်သီးနှမ်းကပ်ကြော်၊ ထောပတ်ကွတ်ကီးအပါအဝင် ကွတ်ကီးအမျိုးမျိုး၊ ဒူးရင်းသီးအနှစ်ပါသည့် မုန့်/ပေါင်မုန့် စသည့်စားသောက်ကုန် ၁၇ မျိုး ပြုလုပ်နည်းများကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**





သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြစဉ်။

## သီပေါမြို့သို့ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်လက်ဝင်ရောက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ယာယီနေရပ်စွန့်ခွာလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သီပေါမြို့သို့ ထပ်မံဝင်ရောက်လာရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာလေးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကလောမြို့နယ်၌ Grade-12 ကျောင်းသားကျောင်းသူများအား ဘာသာရပ် မိတ်ဆက်

**ကလော အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် တောင်ကြီးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဆောင်၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများက ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် Grade-12 ကျောင်းသားကျောင်းသူများအား ဘာသာရပ်မိတ်ဆက်ခြင်းလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကလောမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးက ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများက ကလောမြို့နယ်အတွင်းရှိ Grade-12 ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် အသိပညာပေးဟောပြောဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ် စက်သုံးဆီဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးပြီး မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

**ကျိုက်မရော အောက်တိုဘာ ၂၆**

ကျိုက်မရောမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရန်မျိုးအောင်ရပ်ကွက်ရှိ PUMA စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။





### သရုပ်ပြလေ့ကျင့်

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပြုခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအာကာစိုးထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်ရှိဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ကျိုက်မရော (ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်၌ ကုံကော်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကုံကော်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ၁၆/၃ ရပ်ကွက် သုဒဿနလမ်း ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အသင်းဥက္ကဋ္ဌဖြစ်သူ ဦးကျော်ခိုင်မြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်း၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြပြီး အသင်းသားများသို့ အစုအပေါ်အမြတ်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သဃ်န်းကျွန်း(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အသိပညာပေးဟောပြော



**ရန်ကုန် အောက်တိုဘာ ၂၆**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

### ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) ရွာသာကြီးမှ စစ်ဆေးရေးမှူး(၃) ဦးဇာနည်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာထုတ်ပြန်ထားသောစည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့်မီးပွိုင့်များအကြောင်း၊Road Sign များအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဝန်ထမ်းများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြပြီး တက်ရောက်လာကြသူများကလည်း ပြသထားသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

# ခရီးသွားစေချင်သလား . . . . . တွန်းအားနှင့် ဆွဲအား တိုးပွားစေပါ

စည်သူကျော်

**ယနေ့ကမ္ဘာပေါ်တွင် ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မြင့်မားလာသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ UN Tourism မှ ထုတ်ပြန်ကြေညာသော စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားအရေအတွက်သည် ၁ ဒသမ ၄ ဘီလီယံရှိကြောင်း သိရှိရပါသည်။**

ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ စသည့် တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်၊ ကား၊ ရထား စသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ လှည့်လည်ပြသရေးနှင့် ဖျော်ဖြေရေး စသည့်ကဏ္ဍစုံစုစည်းပါဝင်ပါသည်။

**ခရီးသွားလုပ်ငန်း ဖော်ထုတ်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်**

ခရီးသွားလုပ်ငန်းသည် ဒေသခံများ၏ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများနှင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ယဉ်ကျေးမှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အထောက်အကူပြုစေခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖော်ထုတ်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။

ယနေ့ခေတ် ခရီးသွားလုပ်ငန်းကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက အပန်းဖြေအနားယူခြင်းသက်သက်သာမက လူသားတို့၏ စူးစမ်းရှာဖွေလေ့လာလိုမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားသော လိုအင်ဆန္ဒများအပေါ်မူတည်ပြီး ခရီးသွားလုပ်ငန်းအမျိုးအစားများ ကွဲပြားခြားနားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းအကြောင်း ပြောဆိုဆွေးနွေးကြရာ၌ ခရီးစဉ်ဒေသများအကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲသူများအကြောင်း၊ ရပ်ရွာလူထုအခြေပြုကြသူများအကြောင်းနှင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဆိုသည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးလေ့ရှိကြပါသည်။

ခရီးသွားခြင်းနှင့်စပ်လျဉ်း၍ ခရီးစဉ်ဒေသများ၏ သာယာလှပပုံ၊ အမျိုးအစားစုံလင်လှသော ခရီးသွားလုပ်ငန်းအမျိုးအစားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပုံ၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုရှိပုံတို့ကို နတ်ကရာ ကျီးမောဆိုသလို တွေ့မြင်ခံစားခဲ့ရသည်။ သို့သော် ယင်းတို့၏နောက်ကွယ်က အရေးပါသော မည်သည့်အကြောင်းအရာများက ခရီးသွားများကို ခရီးသွားရန် စေ့ဆော်တိုက်တွန်းနေသည်ကို ဖော်ထုတ်သုံးသပ်ရန် လိုအပ်ပါသည်။

လူအများ အဘယ်ကြောင့် ခရီးသွားကြသနည်း။ ၎င်းတို့ ခရီးသွားချင်စိတ်ဖြစ်ပေါ်လာရန် မည်သည်တို့က စေ့ဆော်တိုက်တွန်းနေပါသနည်း။



သဘာဝအလှတရားများနှင့် ပြည့်နှက်နေသည့် သွားရောက်လည်ပတ်ချင်စရာ ဖွဲကပင်တောင်။

**တွန်းအားနှင့် ဆွဲအား**

ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ် **နယ်ပယ်တွင် လူတို့ ခရီးထွက်ခွာစေရန် စေ့ဆော်တိုက်တွန်းသော Factor နှစ်မျိုး ရှိသည်ဟု ဖော်ပြပါသည်။ ယင်းတို့မှာ တွန်းအား (Push Factor) နှင့် ဆွဲအား (Pull Factor) တို့ ဖြစ်ကြပါသည်။ ဘာသာရပ်ဆိုင်ရာနယ်ပယ်တွင် Push and Pull Factor ဟုခေါ်ဆိုကြပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ် (Tourism Management ဘာသာရပ်) တွင် အဓိကထည့်သွင်းသင်ကြားလေ့ရှိကြပါသည်။** (အခြားသောလုပ်ငန်းကဏ္ဍများတွင်လည်း သုတေသနပြုလုပ်ရာ၌ Push and Pull Factor ကို အသုံးပြုကြသော်လည်း ဤဆောင်းပါးတွင် ခရီးသွားလုပ်ငန်းကဏ္ဍအတွက်ကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။)

ယင်းတွန်းအားနှင့် ဆွဲအား အကြောင်းအခြင်းအရာများသည် ခရီးသွားတို့၏ အပြုအမူနှင့် ခရီးစဉ်ဒေသရွေးချယ်မှုပုံစံတို့တွင် များစွာလွှမ်းမိုးမှုရှိသည်ကို တွေ့ရှိရသည်။ ခရီးသွားတို့၏ ပြုလုပ်ဆောင်ရွက်မှုအပေါ် မူတည်၍ ဖော်ဆောင်ရသော ခရီးသွားလုပ်ငန်းပုံစံ/ ခရီးသွားလုပ်ငန်းအမျိုးအစားများသည်လည်း ကွဲပြားသွားမည်ဖြစ်ပါသည်။

တွန်းအား (Push Factor) သည် မိမိအတွင်းသန္တာန်အတွင်းက စေ့ဆော်မှုဖြစ်ပြီး ထိုစေ့ဆော်တိုက်တွန်းမှုကြောင့် မိမိနေ့စဉ်ဘဝအတွင်းမှ ပြင်ပပြင်လွင်သို့ ခေတ္တယာယီ ခရီးထွက်ခွာသွားစေခြင်းဖြစ်ပါသည်။ နေ့စဉ်ဘဝအတွင်းမှ ပတ်ဝန်းကျင်အသစ်တစ်ခုသို့ အပြောင်းအလဲပြုလုပ်လိုသောဆန္ဒကို တွန်းအားပေးဖြစ်ပေါ်စေခြင်းသည် Push Factor ဖြစ်ပါသည်။

တွန်းအားတွင် အဓိကပါဝင်သော အချက်များမှာ-

- **Economic factors (စီးပွားရေးအရသက်ရောက်မှု)။** လူတို့သည် စီးပွားရေးအဆင်ပြေ ငွေကြေးချောင်လည်ချိန်တွင် အလည်အပတ်၊ ဆေးကု၊ ပညာသင် စသည်ဖြင့် ခရီးသွားလာနိုင်ရန် အခွင့်အလမ်း ပိုမိုလာသည်ဖြစ်ရာ Economic factor သည် ခရီးသွားလာရန် အဓိကတွန်းအားပေးသော အရာတစ်ခုဖြစ်ပါသည်။
- **Social factors (လူမှုရေးအရသက်ရောက်မှု)။** "Man is by nature a social animal" ဆိုသော အရစ္စတိုတယ်၏ စကားကဲ့သို့ လူတို့သည် လူမှုအသိုက်အဝန်းနှင့် ကင်းကွာ၍ မနေနိုင်ပေ။ ထို့ကြောင့် ရပ်ဝေးမြေခြားရှိ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများထံ အလည်အပတ်သွားရောက်ခြင်းဆိုသော Visiting Friends and Relatives (VFR) ဟုခေါ်သော ခရီးသွားပုံစံ တစ်မျိုးပေါ်ထွန်းနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် Social factor သည်လည်း ခရီးသွားလာမှုများဖြစ်ပေါ်စေရန် တွန်းအားပေးသော Push factor တစ်ခုပင်ဖြစ်ပါသည်။ နှစ်သစ်ကူး၊ သီတင်းကျွတ်၊ ခရစ္စမတ် စသည့်ကာလများတွင် ခရီးသွားအရေအတွက် များပြားခြင်းသည် ယင်း Social factor တည်းဟူသော Push factor ကြောင့်ဖြစ်ပါသည်။
- **Culture factors (ယဉ်ကျေးမှုဆိုင်ရာသက်ရောက်မှု)။** "Travel is driven by curiosity" စူးစမ်းလိုမှုသည် ခရီးသွားခြင်းကိုဖြစ်စေသည်။ လူတို့သည် စူးစမ်းလိုစိတ်ဖြင့် ခရီးသွားကြသည်။ အခြားသူတို့၏ နေထိုင်စားသောက်ပုံ၊ ဝတ်စားဆင်ယင်မှုနှင့် ကိုးကွယ်ယုံကြည်မှု၊ တေးဂီတ၊ ဓလေ့ထုံးတမ်း စသည်ဖြင့် ယဉ်ကျေးမှုတို့ကို လေ့လာစူးစမ်းလိုမှုကြောင့် ခရီးသွားကြရာ Culture factor သည်လည်း Push factor တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။
- **Psychological factors (စိတ်ခံစားမှုပိုင်းဆိုင်ရာ သက်ရောက်မှု)။** လူသားတို့သည် မွန်းကျပ်သော လူနေမှုဘဝမှ ခေတ္တခဏ ဆိုသလို စိတ်အပန်းပြေလွတ်မြောက်စေခြင်းအလို့ငှာ ခရီးထွက်ကြသည်။ မိမိကိုယ်ကို ပြန်လည် တည်ဆောက်နိုင်စေခြင်းအလို့ငှာ ခရီးထွက်ကြသည်။ တစ်စုံတစ်ရာကို စွန့်စွန့်စားစားဖြင့် အောင်မြင်မှုအရသာကို ခံစားလိုခြင်းအလို့ငှာ ခရီးသွားကြသည်။ ယင်းသည် ခရီးသွားခြင်းအပေါ် Psychological factor ၏ တွန်းအားပေး သက်ရောက်မှုဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း **ခရီးသွားလိုသော စိတ်ဆန္ဒကိုဖြစ်ပေါ်စေမှုတွင် တွန်းအားရှိသကဲ့သို့ ဆွဲအားလည်းရှိသည်ကို လေ့လာတွေ့ရှိရမည်**ဖြစ်ပါသည်။ တွန်းအားနှင့် ဆွဲအား ဆိုသော ဆန့်ကျင်ဘက်စကားလုံးနှစ်လုံးကဲ့သို့ပင် သဘောတရားအရာတွင်လည်း တွန်းအားသည် အတွင်းသန္တာန်မှလာသော စေ့ဆော်တိုက်တွန်းမှုဖြစ်ပြီး ဆွဲအားသည် ဆန့်ကျင်ဘက်အနေဖြင့် ပြင်ပဆွဲဆောင်မှုမှ ခရီးသွားလိုစိတ်ကို ဖြစ်ပေါ်စေသော အကြောင်းခြင်းရာ ဖြစ်ပါသည်။ ဆွဲအားသည် ပြင်ပမှ မိမိကို ဆွဲဆောင်သော အရာတစ်ခုခုကြောင့် ထိုခရီးစဉ်ဒေသသို့ သွားရောက်၍ တွေ့ကြုံခံစားလိုသော၊ ရှာဖွေစူးစမ်းလိုသော မိမိစိတ်ဆန္ဒပြည့်ဝစေရန် ခရီးသွားရောက်ခြင်းကို ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။

ဆွဲအားတွင်လည်း တွန်းအားကဲ့သို့ပင် အဓိက အကြောင်းအခြင်းအရာလေးခု ပါဝင်ပါသည် -

- **Natural attractions (သဘာဝဆွဲဆောင်မှုများ)။** နိုင်ငံများသည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မည်သို့ ကြော်ငြာကြပါသနည်း။ သာယာလှပသော ကမ်းခြေများ၊ ရေတံခွန်များ၊ ရေအိုင်ကြီးများ၊ သာယာလှပသော တောတောင်များ အစရှိသဖြင့် မိမိတို့နိုင်ငံရှိ သဘာဝအလှတရားများကို အထူးပြု ကြော်ငြာကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံမြောက်ဖျားပိုင်း ရေခဲတောင်ဖုံးလွှမ်းသောဒေသများမှသည် တောင်ဘက်ပိုင်း ကျွန်းစုများအထိ စသည်ဖြင့် သဘာဝအလှအပများကို ဖော်ထုတ် ကြော်ငြာခဲ့ကြပါသည်။ ကမ္ဘာပေါ်ရှိ ရင်သပ်ရှုမောဖွယ်ရာ သဘာဝ အလှတရားများသည် လူတို့အား မိမိတို့နေရင်းဒေသမှ ခရီးသွားလာမှုများ ပြုလုပ်စေရန် ဆွဲဆောင်လျက်ရှိပေသည်။ ဆွဲဆောင်မှုဟု ဆိုသည့်အတိုင်း သဘာဝအလှတရားများသည် ခရီးသွားလာမှုအတွက် ဆွဲအားများ ဖြစ်ကြပါသည်။

> **ခရီးသွားလိုသော စိတ်ဆန္ဒကိုဖြစ်ပေါ်စေမှုတွင် တွန်းအားရှိသကဲ့သို့ ဆွဲအားလည်းရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ တွန်းအားနှင့် ဆွဲအားဆိုသော ဆန့်ကျင်ဘက်စကားလုံးနှစ်လုံးကဲ့သို့ပင် သဘောတရားအရာတွင်လည်း တွန်းအားသည် အတွင်းသန္တာန်မှလာသော စေ့ဆော်တိုက်တွန်းမှုဖြစ်ပြီး ဆွဲအားသည် ဆန့်ကျင်ဘက်အနေဖြင့် ပြင်ပဆွဲဆောင်မှုမှ ခရီးသွားလိုစိတ်ကို ဖြစ်ပေါ်စေသော အကြောင်းခြင်းရာဖြစ်ပါသည်။ ဆွဲအားသည် ပြင်ပမှ မိမိကိုဆွဲဆောင်သောအရာတစ်ခုခုကြောင့် ထိုခရီးစဉ်ဒေသသို့သွားရောက်၍ တွေ့ကြုံခံစားလိုသော၊ ရှာဖွေစူးစမ်းလိုသော မိမိစိတ်ဆန္ဒပြည့်ဝစေရန် ခရီးသွားရောက်ခြင်းကို ဖြစ်ပေါ်စေခြင်းဖြစ်**

စာမျက်နှာ ၁၁ သို့ ❖

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် (၉)ထပ်ဆောင်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူရှင်များအား ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

ထို့နောက် တာဝန်ရှိသူများက လှူဒါန်းထားသော သွေးအိတ်များကို မန္တလေးပြည်သူ့ဆေးရုံ အုပ်ကြီးထံပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်သည့် ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်၍ အနယ်နယ် အရပ်ရပ်မှ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ယနေ့တွင် ဧည့်သည်ဝင်ရောက်မှု ၂ ဒသမ ၅ သန်းပြည့်မြောက်ခဲ့ပြီး ထိုသို့ပြည့်မြောက်သည့် ဧည့်သည်အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။



အဆိုပါ ဧည့်သည်မှာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေါ်သင်းပပထွန်းဖြစ်ပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းမှ တာဝန်ရှိသူများက အမှတ်တရအဖြစ် လက်ဆောင်ပန်းစည်း၊ ဂုဏ်ပြု Trophy၊ အပန်းဖြေစခန်းသို့ တစ်နှစ်စာ အခမဲ့ဝင်ရောက်ခွင့် (Gold Card) နှင့်အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည့်အပြင် ဧည့်သည်နှင့် ပါရှိလာသူများအား အပန်းဖြေစခန်းနှင့် မှန်တံတားဝင်ခွင့်၊ Sky Cable Car စီးနင်းမှုနှင့် ဘာဂီစီးနင်း လည်ပတ်ခြင်းများ အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ဇင်လင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့သည် ကွမ်းခြံကုန်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားရှိရေး၊ နေအိမ်တိုင်းတွင် မီးကပ်မီးချိတ်၊ ရေပုံး၊ သဲအိတ်များ ထားရှိရေး၊ မီးလန့်မှု၊ မီးလောင်မှုများမဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက သတိပေးနှိုးဆော်စဉ်။ ဆွေနွယ်(ပြန်/ဆက်)




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

❖ စာမျက်နှာ ၁၀ မှ

- **Cultural and Historical Heritage (ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များ)။** ယဉ်ကျေးမှုနှင့် သမိုင်းဝင်အမွေအနှစ်များသည် သဘာဝအလှအပ ဆွဲဆောင်မှုများကဲ့သို့ပင် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ပုဂံခရီးစဉ်ဒေသနှင့် မန္တလေးတို့သည် ယဉ်ကျေးမှုအမွေအနှစ်များအား လေ့လာစူးစမ်းလိုသည့် ခရီးသွားများကို ဆွဲအားအဖြစ် ညှို့ငင်ခေါ်ဆောင်လျက်ရှိကြသည်။ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုများသည်လည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲအားများ ဖြစ်ကြပါသည်။
- **Entertainment and Recreational Activities (ဖျော်ဖြေမှုနှင့် အပန်းဖြေမှုများ)။** အချို့ခရီးသွားများထံမှ ကြားဖူးသော စကားတစ်ခွန်းရှိသည်။ ယင်းမှာ "ပျော်ချင်လို့မှ ခရီးထွက်ပါတယ်။ စိတ်ညစ်လိုက်ရတာ" ဟူ၍ဖြစ်သည်။ ခရီးသွားလာရာတွင် ရံဖန်ရံခါ ပျင်းရိသွားတတ်သည်။ အစားအသောက် အနေအထိုင် အသွားအလာ တစ်ခုခု အဆင်မပြေသည့်အခါ စိတ်ညစ်စရာနှင့် ကြုံရတတ်သည်။ လူတို့ ခရီးသွားသည်မှာ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ သွားလာနိုင်သင့်သည် မဟုတ်လား။ ထို့ကြောင့် ဖျော်ဖြေရေးနှင့် စိတ်အပန်းပြေရေးတို့သည် ခရီးသွားများအတွက် ဆွဲအားဖြစ်ပါသည်။ ပျော်ရွှင်စရာကောင်းသော စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော ခရီးစဉ်များကို ခရီးသွားများ ထပ်၍ ထပ်၍ သွားလာလည်ပတ်နေမည်သာဖြစ်သည်။
- **Infrastructure and Service (အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှု)။** ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအခြေခံလုပ်ငန်းဖြစ်ရာ ဝန်ဆောင်မှုညံ့ဖျင်းခြင်းနှင့် ဧည့်ဝတ်မကျေပွန်ခြင်းတို့သည် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီး ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုကောင်းခြင်းသည် ခရီးသွားများကို ဆွဲဆောင်သော ဆွဲအားဖြစ်ပါသည်။ အလားတူ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တည်းခိုနေထိုင်မှုစသည့် အခြေခံအဆောက်အအုံများ အရည်အသွေးပြည့်မီကောင်းမွန်ခြင်းကလည်း ဆွဲအားဖြစ်ပါသည်။ စာရှုသူ သင်သည် တူညီသော ဈေးနှုန်းတစ်ခုတွင် လုံခြုံစိတ်ချရ၍ ဝန်ဆောင်မှုကောင်းမွန်သော ဟိုတယ်နှင့် ဝန်ဆောင်မှုညံ့ဖျင်း၍ သန့်ရှင်းသပ်ရပ်မှုမရှိသော ဟိုတယ်တို့တွင် မည်သည်က သင့်ကို လာရောက်တည်းခိုစေရန် ဆွဲဆောင်နေမည်နည်း။ ဤသည်က ဆွဲအားပင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တွန်းအားနှင့် ဆွဲအားတို့သည် ခရီးသွားများ၏ မိမိတို့သွားရောက်လိုသော ခရီးစဉ်ရွေးချယ်မှုတို့ကို အဆုံးအဖြတ်ပေးသော အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ခရီးသွားတို့၏ လိုအင်ဆန္ဒအပေါ်မူတည်၍ ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်မှု၊ အပြုသဘောဆောင်သော ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေပါသည်။ ခရီးသွားဝန်ဆောင်မှုပြုသူများ၊ ခရီးသွားထုတ်ကုန် ရောင်းချသူများ၏ ဈေးကွက်ဖော်ဆောင်မှုအပိုင်းကိုလည်း သက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ကာလအတွင်း ပုဂံခရီးစဉ်ဒေသသို့ ခရီးသွားဘုရားဖူးပြည်သူ တစ်သိန်းခွဲကျော် လာရောက်ခဲ့ကြောင်း ဟိုတယ်ခရီး(ပုဂံ) ရုံးခွဲ၏ ဖြေကြားချက်ကို မြန်မာ့အလင်း သတင်းစာ၌ ဖတ်ရှုလိုက်ရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာတွင်သာမက ကမ္ဘာမှာပါ ထင်ရှားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ်ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်ပြီး ဒေသ၏ စီးပွားရေးသည်လည်း ခရီးသွားလုပ်ငန်းအပေါ် များစွာ မှီခိုအားထားရလျက်ရှိသည်။

### ပုဂံဒေသသို့ လာရောက်လည်ပတ်စေရန် ဆွဲဆောင်မှုများ

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆုရ စာတမ်းတစ်စောင်တွင် ပုဂံဒေသသို့ ခရီးသွားများ ပြန်လည်လာရောက်မှုကို Push and Pull factor ဖြင့် သုံးသပ်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။ အဆိုပါစာတမ်းတွင် လွယ်ကူစွာသွားလာနိုင်မှု၊ ယဉ်ကျေးမှုဆိုင်ရာဆွဲဆောင်မှုများ၊ သာယာလှပသော ရှုမျှော်ခင်းများသည် ပုဂံဒေသသို့ လာရောက်လည်ပတ်စေရန် ဆွဲဆောင်မှုများဖြစ်ကြောင်း စစ်တမ်းနှင့်တကွ သုံးသပ်တင်ပြထားပါသည်။

အထက်ဖော်ပြပါ ဆွဲအားလေးခုအနက် ပုဂံဒေသသည် Natural Attractions, Cultural and Historical Heritage, Infrastructure and Service ဆိုသော သုံးခု အကျုံးဝင်ကြောင်းသုံးသပ်ရပါသည်။ ထို့ကြောင့် ပုဂံဒေသသည် အစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသတစ်ခု (Matured Destination) အဖြစ် ရပ်တည်နေခြင်းဖြစ်ပါသည်။ Entertainment and Recreational Activities အပိုင်းတွင်လည်း ရုပ်သေးပွဲကဲ့သို့သော Cultural Show များကို တင်ဆက်လေ့ရှိရာ ပုဂံဒေသသည် အဓိက Pull factor အားလုံးနှင့် အကျုံးဝင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ခရီးစဉ်ဒေသ စီမံခန့်ခွဲသူများ (Destination Management Organi– zations– DMOs)၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက မိမိတို့လုပ်ကိုင်ဆောင်ရွက်သည့် ခရီးစဉ်ဒေသ၏ အားသာချက်၊ အားနည်းချက်များ၊ ခရီးသွားလုပ်ငန်းဈေးကွက်၏ တောင်းဆိုမှုများ၊ ခရီးသွားများ၏ အာသီသဆန္ဒများ၊ အခြေအနေများကို သိရှိစေရန်အားထုတ်ကြိုးပမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းများ စည်ပင်ဝေဆာစေရန် ဆောင်ရွက်နိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပဉ္စမအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာအောင်ဘွဲ့နှင်းသဘင်ဆက်ကပ်ခြင်းအခမ်းအနား ကျင်းပ

ဟိုပုံး အောက်တိုဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (ပဉ္စမအကြိမ်မြောက်) နာဂပုရ သာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက် ၉ နာရီက နောင်တောင်း ပရဟိတတပ်ဦး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ တာဝန်ရှိသူများ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ရဟန်း၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၁၇၈ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညှေ့ပရိသတ်အပေါင်းတို့က ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆီဆိုင်မြို့ ဇဝနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသက သရဏဂီယသြဝါဒကထာ ချီးမြှင့်တော်မူပြီး ပအိုဝ်းဝိသာခါမေ့မ္မစကြာဝတ်အဖွဲ့က ရှစ်လုံးဘွဲ့ကဗျာများဖြင့် ဂုဏ်ပြုပူဇော်သည်။

ထို့နောက် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ၌ အထူးအောင်အရှင်သူမြတ် ၁၅ ပါး၊ ဘွဲ့ရအရှင်သူမြတ် ၆၈ ပါးတို့အား ဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုများဆက်ကပ်လှူဒါန်းပြီး သြဝါဒါစရိယဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကာ နာဂပုရသာသနာလင်္ကာရအသင်းကြီး၏ ဦးဆောင်ဆရာတော် သာသနာလင်္ကာရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာလင်္ကာရက ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# မကွေးမြို့၌ တရားစွဲနှင့်အမှုလိုက်လုပ်ငန်းအတွေ့အကြုံမျှဝေဆွေးနွေးပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၂၆

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉) ရည်မှန်းချက် ပန်းတိုင် (၃)၏ မဟာဗျူဟာရည်မှန်းချက်အောင်မြင်စေရေးအတွက်အကောင်အထည်ဖော်သည့် အနေဖြင့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်း အတွေ့အကြုံ မျှဝေဆွေးနွေးပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ပါမောက္ခ ဦးလှအောင်ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ ရုံးအဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ဦးစီးအရာရှိများနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်လှလှဆွေက အခမ်းအနားပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တရားစွဲနှင့်အမှုလိုက်လုပ်ငန်း အတွေ့အကြုံများကို ဆွေးနွေးကြရာ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမျိုးမင်းဇော် ဦးဆောင်သောအဖွဲ့နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ဥပဒေအရာရှိများ ခေါင်းဆောင်သောအဖွဲ့များက အဖွဲ့လိုက်ဆွေးနွေးတင်ပြခြင်းများပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသည့်ဥပဒေအရာရှိများက မေးခွန်းများမေးမြန်းဆွေးနွေးခြင်း၊ ခေါင်းဆောင်သောအဖွဲ့များက အဖွဲ့လိုက်ဆွေးနွေးတင်ပြခြင်းများပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအရာရှိများက မေးခွန်းမေးမြန်းဆွေးနွေးခြင်း၊ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ပုသိမ်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်ပေး

ပုသိမ်ကြီး အောက်တိုဘာ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ထပ်တိုးဖြင့် နိုင်ငံသားကတ်ဆောင်ရွက်ခြင်းနှင့် UID ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာ ရန်ကုန်ကျောင်းတိုက်၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက လဝကမှူး ဦးမျိုးဝင်းကြိုင်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါနေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အောင်မြေသာစံခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ ခရိုင်ပညာရေးမှူး ဦးသောင်းဒန်၊ ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်ကြီးမြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# တိုက်ကြီးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

တိုက်ကြီး အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ဂျိုးဖြူကျေးရွာအုပ်စုအတွင်း လှည့်လည်အသိပေးဆော်သြခဲ့သည်။

## အရေးယူဆောင်ရွက်

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်သက်ထူး ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးတို့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်မှုမရှိပါက မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှည့်လည်ဆော်သြခဲ့သည်။

အလားတူ အဖျောက်မြို့နှင့် ဥက္ကံမြို့တို့တွင်လည်း မီးလောင်ဆုံးရှုံးမှုမဖြစ်ပွားစေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်




**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သမ္မတ ထရမ့်က အာဆီယံခေါင်းဆောင်များ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပနေသည့် မလေးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည်။

မလေးရှားနိုင်ငံသည် ထရမ့်၏ အာရှခရီးစဉ်၏ ပထမဆုံး လာရောက်သည့်နိုင်ငံဖြစ်ပြီး ဂျပန်နှင့် တောင်ကိုရီးယားသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ၎င်း၏ ပါဝင်ဆောင်ရွက်မှုသည် နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး အမှန်တကယ်ဖြစ်လာစေရန် ပိုမိုလေးနက်ရာ ရောက်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းရေးသဘောတူညီချက်ကြောင့် ပြည်သူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ပဋိပက္ခကို ပြေလည်အောင် မဖြေရှင်းမချင်း အမေရိကန်၏ ကုန်သွယ်ရေးသဘောတူညီချက်ကို မပြုလုပ်နိုင်ကြောင်း ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားပြီးနောက် နှစ်နိုင်ငံစလုံးက ကနဦး အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြသည်။

၎င်း၏ခရီးစဉ်မတိုင်မီ ပိုမိုကျယ်ပြန့်သော အပစ်အခတ်ရပ်စဲရေးစာချုပ်နှင့် ငြိမ်းချမ်းရေး အခမ်းအနားကျင်းပရန် သမ္မတ ဒေါ်နယ်ထရမ့်က တောင်းဆိုခဲ့သည်။

ယခုသဘောတူညီချက်တွင် လက်နက်ကြီးများ ဆုတ်ခွာရေးနှင့် နယ်စပ်တစ်လျှောက် မိုင်းများဖယ်ရှားရေးတို့ ပါဝင်သည်။ အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံ လေ့လာသူအဖွဲ့ကိုလည်း ထူထောင်ရန် ပြဋ္ဌာန်းထားသည်။

အခမ်းအနားတွင် ခေါင်းဆောင်နှစ်ဦးစလုံးက သမ္မတ ထရမ့်၏ ပံ့ပိုးကူညီမှုအတွက် ချီးကျူးခဲ့ကြသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဒေါ်နယ်ထရမ့်ကို ငြိမ်းချမ်းရေး နိုဘယ်ဆုအတွက် အမည်စာရင်း တင်သွင်းထားကြောင်း ပြောကြားခဲ့သည်။

သမ္မတ ထရမ့်က အောက်တိုဘာ ၂၇ ရက်မှစပြီး ဂျပန်နိုင်ငံသို့ သုံးရက်ကြာသွားရောက်မည်ဖြစ်သည်။

ဧကရာဇ် နာရူဟီတိုနှင့် တွေ့ဆုံပြီး ဂျပန်ဝန်ကြီးချုပ်သစ် တာကိုင်ချီဆာနေးနှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားသည်။ ထို့နောက် အောက်တိုဘာ ၂၉ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး သမ္မတ လီဂျေမြောင်နှင့် တွေ့ဆုံမည်ဖြစ်သည်။ အောက်တိုဘာ ၃၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ကွာလာလမ်ပူ အောက်တိုဘာ ၂၆**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်နှင့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းတို့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ယမန်နေ့က တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ အပြန်အလှန် စည်းကြပ်ခွန်များ သိသိသာသာ ဖြတ်တောက်ကာ စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်နေစဉ် အဆိုပါဆွေးနွေးပွဲထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများကို နိုဝင်ဘာ ၁၀ ရက်တွင် အပြီးသတ်ဆွေးနွေးရန် ရည်မှန်းထားသည်။

ယခုလအစောပိုင်းတွင် တရုတ်နိုင်ငံက မြေရှားသတ္တုတင်ပို့မှုအပေါ် ပိုမိုတင်းကျပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်သွင်းကုန်များအပေါ် ထပ်ဆောင်းအခွန် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ရန် ခြိမ်းခြောက်မှုဖြင့် တန်ပြန်ခဲ့သည်။

အမေရိကန်ပဲပုပ်များကို တရုတ်နိုင်ငံအနေဖြင့် ပိုမိုတင်သွင်းရန် အမေရိကန်က မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းတင်ပို့မှုအပေါ် အခွန်အကောက်အစီအမံများနှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန် တရုတ်နိုင်ငံဒုတိယဝန်ကြီးချုပ် ဟီလီဖန်းက ပြောကြားခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသည့် အမေရိကန်-တရုတ် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲမတိုင်မီ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီး နှစ်ဖက်သဘောတူ ညီမှုရရှိနိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံက ကုန်တင်သယ်ယူပို့ဆောင်ရေး HTV-X အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံက ၎င်း၏ ကုန်တင်သယ်ယူပို့ဆောင်ရေး HTV–X အာကာသယာဉ်ကို ယနေ့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီဝန်းကျင်တွင် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ တာနီဂါရှီမာ ဒုံးပျံလွှတ်တင်ရေးစခန်းမှ HTV–X အာကာသယာဉ်ကို တင်ဆောင်ထားသော H3 ဒုံးပျံ တစ်စင်းကို လွှင့်တင်ခဲ့သည်။



၎င်းဒုံးပျံယာဉ်သည် ကောင်းကင်သို့ပျံတက်စဉ် booster rockets လေးခုနှင့် ပထမအဆင့် အင်ဂျင်ကို ဖြုတ်ထုတ်ခဲ့သည်။ ၁၄ မိနစ်အကြာတွင် ၎င်းသည် HTV–X အာကာသယာဉ်ကို သတ်မှတ်ထားသော အာကာသပတ်လမ်းအတွင်းသို့ ထည့်ပေးနိုင်ခဲ့သည်။

ဂျပန်ထုတ် ကုန်တင်သယ်ယူပို့ဆောင်ရေး HTV–X မောင်းသူမဲ့ယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ စက်ကိရိယာများနှင့် အခြားပစ္စည်းများကို ပို့ဆောင်ရန် ဒီဇိုင်းထုတ်ထားသည်။

HTV–X အာကာသယာဉ်ကို ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတကာ အာကာသစခန်းသို့ ကုန်ပစ္စည်းများ ပို့ဆောင်ပေးသည့် ကိုနိုတိုရီ အာကာသယာဉ် နေရာတွင် အစားထိုးလွှတ်တင်ခြင်းဖြစ်သည်။ ၎င်းသည် ကိုနိုတိုရီ အာကာသယာဉ်ထက် ကုန်စည် ၅၀ ရာခိုင်နှုန်း ပိုမိုတင်ဆောင်နိုင်သည်။

HTV–X သည် အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ချဉ်းကပ်ဝင်ရောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း၌ တာဝန် ထမ်းဆောင်နေသော ဂျပန်အာကာသယာဉ်မှူး ယူကီမီယာက စက်ရုပ်လက်မောင်းများ အသုံးပြုကာ HTV–X သယ်ယူပို့ဆောင်ရေးအာကာသယာဉ်ကို ဖမ်းယူမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တူကီယဲနိုင်ငံမှ ဆုတ်ခွာမည်ဟု ကာဒစ္စတန်လုပ်သားပါတီကြေညာ

**အစ္စတန်ဘူ အောက်တိုဘာ ၂၆**

တူကီယဲနိုင်ငံမှ တပ်ဖွဲ့များ ဆုတ်ခွာမည်ဖြစ်ကြောင်း ကာဒစ္စတန်လုပ်သားပါတီက အောက်တိုဘာ ၂၆ ရက်တွင် ကြေညာခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများဖြစ်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် တပ်ဖွဲ့များကို တူကီယဲနိုင်ငံမှ ဆုတ်ခွာခြင်းဖြစ်ကြောင်း ၎င်းပါတီက ပြောကြားသည်။

ကာဒစ္စတန် လုပ်သားပါတီ တပ်ဖွဲ့များ လက်နက်စွန့်လွှတ်ခြင်းသည် အကြမ်းဖက်မှုကင်းစင်သည့် တူကီယဲနိုင်ငံဖြစ်လာရေးအတွက် အရေးကြီးသည့် ဆောင်ရွက်ချက် ဖြစ်ကြောင်း တူကီယဲအာဏာရ တရားမျှတခြင်းနှင့် ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ အိုမာဆီလစ်က လူမှုမီဒီယာအိက်စ်တွင် ပြောကြားသည်။



၁၉၈၄ ခုနှစ်မှစတင်၍ တူကီယဲနိုင်ငံအား လက်နက်စွဲကိုင်တိုက်ခိုက်ခဲ့သည့် ကာဒစ္စတန်လုပ်သားပါတီသည် ယခုနှစ်မေလမှ စတင်၍ လက်နက်စွန့်လွှတ်ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကာဒစ္စတန်လုပ်သားပါတီမှ အဖွဲ့ဝင်များသည် ပထမအသုတ်အဖြစ် ဇူလိုင်လအတွင်းက စတင်၍ လက်နက်ချခဲ့သည်။ ကာဒစ္စတန် လုပ်သားပါတီကို တူကီယဲ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက် ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များနှင့် ရေယာဉ်သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စစ်ကိုင်းမြို့ ကံကြီးကုန်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၃၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၃၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၂၂၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို လည်းကောင်း၊ ရေဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၅၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၉၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo III Coach တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မင်းလှမြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၃၂၈ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၁၈၃၉၂၀) ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၅၉၂၀ ကို အမှုတွဲဖွင့်လှစ် ဆောင်ရွက်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မြို့သာကေတ ဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၅မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၆၄မျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၆၆၇၈၃၁၀၁၈ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. တော်ဝင်နန်းရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၇၁၂၀၀၀၀)ကို လည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hin Profia Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၈၄၀၆၁၅၀၁၈ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ် ဆောင်ရွက်ထားရှိသည်။

အောက်တိုဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၆၁၇၃၄၅၈၉၃၈ကျပ် )ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့် အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုး သက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကြည့်မြင်တိုင်မြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဖုန်းသက်ထင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်မှ ဒုတိယအုပ်ချုပ်ရေးမှူးဦးစိုးသန့်နှင့် လျှပ်စစ်ဌာနမှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်စေရေးအတွက် စက်သုံးဆီအရောင်းဆိုင်သုံးဆိုင်အား အောက်တိုဘာ ၂၄ ရက်က လိုက်လံစစ်ဆေးစဉ်။

သျှင်ဝင်းသျှင်



ဥပဒေ
ဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်း
ရန်ကွာ
လွှန်ချမ်းသာ



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၅၀ နှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၉၉၆၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လှည်းကူး အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးယားကုန်းကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် အဆိုပါကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း စသည့်လုပ်ငန်းများကို စစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဖျာပုံမြို့၌ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**ဖျာပုံ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ဖျာပုံမြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းခန်းမ၌ ပြုလုပ်သည်။



အဆိုပါ သင်တန်းဆင်းပွဲတွင် ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မိုမိုထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်းက စားသောက်ကုန်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လတ်လတ်ဝင်း၊ ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိနှင့် ဖျာပုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ကျောင်းအုပ် ဆရာမကြီးတို့က သင်တန်းဆင်းလက်မှတ်၊ သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများနှင့် သင်တန်းမှ လုပ်ငန်းထူထောင်မည့်သူနှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြရာသင်တန်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ကွန်ကရစ်လမ်းနှင့် နဂါးကြယ်ပေါင်းကူးတံတားသစ်ဖွင့်ပွဲ ကျင်းပ

**လပွတ္တာ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက် စည်ပင်သာယာလမ်းနှင့် ဆားကျင်းကျေးရွာလမ်းဆက်သွယ်သည့် အလျားပေ ၁၀၀၊ အနံပေ ၂၀ ရှိသည့် ကွန်ကရစ်လမ်းသစ်နှင့် အလျား ၈၁ ပေ၊ အနံ ၁၂ ပေရှိသည့် နဂါးကြယ်ပေါင်းကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက တံတားသစ်ဖွင့်ပွဲ မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစံရင်မော်၊ လမ်းနှင့် တံတားအလှူရှင် ဦးရန်နိုင်စိုး+ဒေါ်မွန်မွန်အေး (နဂါးကြယ် ဆန်နှင့် စက်သုံးဆီရောင်းဝယ်ရေး)မိသားစု



တို့က လမ်းနှင့် တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းကို မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ယနေ့ ညနေ ၆ နာရီတွင် မြို့နယ်အတွင်း လိုက်လံနှိုးဆော်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုး ဦးဆောင်ကြီးကြပ်၍ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးနိုင်သူရစိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ/ရုံးများတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနက ချမှတ်ထားသော စည်းကမ်းချက်များနှင့် လိုက်နာ ဆောင်ရွက်ထားရှိကြရန်နှင့် မော်တော်ယာဉ်များ၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ ပုဂ္ဂလိကရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရန်ထားရှိအပ်သော ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများ ဖြစ်သည့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိကြရန်လိုအပ်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိနိုင်ရေး အသိပေးလိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



# ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာသိကောင်းစရာများ ဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၆**

ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ၂၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Triumph Hotel၌ ကျင်းပသည်။




အခမ်းအနားတွင် ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအတွက် ဝမ်းနည်းခြင်းအဖြစ် တက်ရောက်လာသူ အာမခံကိုယ်စားလှယ်များနှင့် မိတ်ဖက်လုပ်ငန်းရှင်များက စက္ကန့် ၉၀ မတ်တပ်ရပ်၍ ငြိမ်သက်ကာ မေတ္တာပို့သခြင်း ပြုလုပ်ကြသည်။

ထို့နောက် ဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီမှ တာဝန်ရှိသူများက ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ အသိပညာပေး အကြောင်းအရာများကို မျှဝေခဲ့ပြီး အာမခံဝန်ဆောင်မှုအကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိသော အာမခံကိုယ်စားလှယ်များအား စွမ်းဆောင်ရည်ဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသောအာမခံကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုထက်**

# ကိုရီးယားနိုင်ငံရဲ့ အကူအညီနဲ့ စွမ်းအားမြင့်မီးဖိုစီမံကိန်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းရဲ့ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုမဖြစ်အောင်၊ ထင်းသုံးစွဲမှု လျှော့ချနိုင်အောင် မီးဖိုထောက်ပံ့ရေးစီမံကိန်းတွေ ဆောင်ရွက်ခဲ့ပါတယ်

ကျေးလက်နေပြည်သူလူထု၏ စုပေါင်းဆုံးဖြတ်ချက်များကို ပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည်ဖော်စေပြီး ရပ်ရွာအခြေပြုကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာ ဖွံ့ဖြိုးလာစေရန်၊ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ စီမံကိန်းတွင်ပါဝင်သည့် ဝန်ထမ်းများကို စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများပေးခြင်းဖြင့် အသိအမြင်များ ပြောင်းလဲလာပြီး စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စံပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ပြီး မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် နည်းလမ်းများကို ညွှန်ပြပေးနိုင်ရန်ရည်ရွယ်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၂၅၀ တွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရည်ရွယ်သည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ စီမံကိန်းကို ဘယ်အချိန်ကနေ စတင်ဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ စီမံကိန်းမှာ မြန်မာနိုင်ငံက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကျေးရွာပေါင်း ၁၁၀ ကို ရွေးချယ်ပြီး စတင်ခဲ့ပါတယ်။ နေပြည်တော်မှာ ကျေးရွာ ၄၀၊ တနင်္သာရီ၊ ပဲခူး၊ မွန်နဲ့ ရခိုင်မှာ ငါးရွာစီ၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ စစ်ကိုင်းနဲ့ မန္တလေးမှာ ၁၀ ရွာစီနဲ့ ကျေးရွာစုစုပေါင်း ၁၁၀ နဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ စီမံကိန်းကျေးရွာ ၂၅၀ ရှိလာပြီ ဖြစ်ပါတယ်။ စီမံကိန်းက ၂၀၁၂ ခုနှစ်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးမှုတွေကနေတစ်ဆင့် စတင်ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

**မေး။ ။ စီမံကိန်းကနေတစ်ဆင့် ကျေးရွာတွေကို ဘယ်လို ထောက်ပံ့ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ ။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency -KOICA) နဲ့ ပေါင်းစပ်ပြီး ကျေးရွာတစ်ရွာကို အမေရိကန်ဒေါ်လာ နှစ်သောင်းနဲ့ ညီမျှတဲ့ မြန်မာငွေကို စတင်ထောက်ပံ့ပေးပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ ပေါင်းစပ်ပြီး အလားအလာကောင်းတဲ့ ကျေးရွာတွေကို စတင်ဆောင်ရွက်စေခဲ့ပါတယ်။ ကျေးရွာတွေမှာ ခေါင်းဆောင်တွေ ရွေးချယ်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို နည်းပညာပေးခဲ့ပါတယ်။ ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းတွေမှာ အဓိက ဆောင်ရွက်ရမယ့် ခေါင်းဆောင်မှုသင်တန်း၊ လူထုကို စည်းရုံးဆောင်ရွက်နိုင်မယ့် နည်းပညာတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့အခါ စီမံခန့်ခွဲရမယ့်ငွေကြေးတွေအတွက် ငွေကြေးစီမံခန့်ခွဲမှု သင်တန်းတွေပေးတယ်။ ကျေးရွာတွေမှာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းဆောင်ရွက်နိုင်မယ့်အဖွဲ့တွေ ဖွဲ့ပေးပါတယ်။

**မေး။ ။ စီမံကိန်းမှာ ပါဝင်တဲ့ လုပ်ငန်းတွေကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စီမံကိန်းမှာ ဝင်ငွေတိုးပွားရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုတဲ့ လုပ်ငန်းဆောင်ရွက်မှု သုံးမျိုးရှိပြီး ထောက်ပံ့ပေးလိုက်တဲ့ ငွေကြေးအပေါ်မူတည်ပြီး ၃၅ ရာခိုင်နှုန်းကို ကျေးရွာဝင်ငွေတိုးပွားရေးကဏ္ဍမှာ ဆောင်ရွက်မယ်။ ၆၀ ရာခိုင်နှုန်းကို လူနေမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျေးရွာသူ ကျေးရွာသားတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာပေးတဲ့ သင်တန်းတွေ၊ ကျန်းမာရေး ဗဟုသုတ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ သင်တန်းတွေကို ကျေးရွာအလိုက် လိုအပ်ချက်တွေ မတူညီတဲ့ အမျိုးမျိုးသော သင်တန်းတွေကို ကျွမ်းကျင်ပညာရှင်တွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်ပါတယ်။ ကျေးရွာတွေကို နှစ်အလိုက် အမှတ်ပေးတဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ပြီး ထူးချွန်ပြောင်မြောက်အောင် ဆောင်ရွက်နိုင်တဲ့ကျေးရွာတွေကို A Grade၊ ဒီထက်တစ်ဆင့်နိမ့်ရင် တိုးတက်မှုတော့ရှိတယ်။ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့ မညီဘူးဆိုရင် B Grade ၊ တိုးတက်ဖွံ့ဖြိုးမှုမရှိသေးရင် C Grade လို့ သတ်မှတ်ပါတယ်။ နောက်တစ်နှစ်မှာ A Grade ရတဲ့ကျေးရွာကို နောက်ထပ် အမေရိကန်ဒေါ်လာ နှစ်သောင်း ထပ်ပေးပါတယ်။ B Grade ရရင် တစ်သောင်းခွဲပေးပြီး C Grade ရရင် တစ်သောင်း ပေးပါတယ်။

တချို့ရွာတွေဆိုရင် ဦးဆောင်ဦးရွက်ပြုသူကလည်း ကောင်းမွန်တယ်။ ကျေးရွာသူ ကျေးရွာသားတွေကလည်း စိတ်ပါလက်ပါနဲ့ စည်းလုံးညီညွတ်မှုရှိလာတယ်ဆိုတာ တွေ့ရပါတယ်။ ရန်ပုံငွေကလည်း တချို့ရွာတွေဆိုရင် ကျပ်သိန်းပေါင်း နှစ်ထောင်လောက်အထိ တိုးပွားလာတာ တွေ့ရပါတယ်။ ကျေးရွာလမ်း၊ စုပေါင်းဓမ္မာရုံ၊ ခန်းမတည်ဆောက်တဲ့ လုပ်ငန်းတွေ၊ သောက်သုံးရေအတွက် ရေတွင်းတူးပေးတာ၊ ရေစင်တည်ဆောက်ပေးတာ၊ ရေပိုက်လိုင်းသွယ်တန်းပေးတာတွေနဲ့ အမှိုက်ကင်းစင်ရေး လုပ်ငန်းတွေကိုလည်း ရန်ပုံငွေကို အသုံးပြုပြီး လူထုလှုပ်ရှားမှုအနေနဲ့ အပတ်စဉ် ဆောင်ရွက်ပါတယ်။

**မေး။ ။ ကျေးရွာသစ်လှုပ်ရှားမှု မွမ်းမံသင်တန်းတွေ ဖွင့်လှစ်နေတာနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ စံပြကျေးရွာတွေရဲ့ ကျေးရွာခေါင်းဆောင်အချင်းချင်း ပိုမိုထိတွေ့ပြီး လုပ်ငန်းဆောင်ရွက်မှုတွေ ဖလှယ်နိုင်စေဖို့၊ လုပ်ငန်းဆောင်ရွက်မှုအားနည်းတဲ့ ကျေးရွာတွေကို အားကောင်းတဲ့ ကျေးရွာတွေကနေ လက်တွဲခေါ်ယူဆောင်ရွက်နိုင်စေဖို့၊ ကျေးရွာအချင်းချင်း အသိပညာဖလှယ်နိုင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုအားကောင်းလာစေဖို့၊ ဝင်ငွေတိုးပွားရေးကဏ္ဍ၊ အရင်းမပျောက်မတည်ငွေတွေ ပိုမိုတိုးပွားပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်စေဖို့၊ စံပြကျေးရွာတွေ ရေရှည်တည်တံ့စေပြီး ကျေးရွာတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရာမှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး ဒါကို ရင်းနှီးမြှုပ်နှံဖို့လိုအပ်တယ်။



ဒေါက်တာ ရဲတင့်ထွန်း
ညွှန်ကြားရေးမှူးချုပ်

ဒါကြောင့် ကျေးရွာတွေကို အခြေခံပြီး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ထုတ်ကုန်တွေကို ကုန်ကြမ်းအဖြစ်ကနေ ကုန်ချောတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ရောင်းချမယ်ဆိုရင် ဝင်ငွေတိုးတက်ရရှိမယ်။ ဒီလိုလုပ်ဖို့အတွက် နည်းပညာလိုရင် နည်းပညာပံ့ပိုးပေးပါတယ်။ ကျွမ်းကျင်ပညာရှင်တွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။ အသေးစားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အထောက်အပံ့ကောင်းတွေ ဖြစ်စေပါတယ်။ အာလူးကြော်၊ ပဲကြော်၊ မုန့်ပဲသရေစာ၊ ဝိုင် ထုတ်လုပ်တဲ့လုပ်ငန်းစတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာ ချေးငွေထုတ်ချေးပေးတယ်။ ကော်မတီက သတ်မှတ်ထားတဲ့ သက်သာတဲ့အတိုးနှုန်းနဲ့ ချေးငွေတွေရရှိပြီး ခြောက်လတစ်ခါ အရင်းအတိုး ပြန်ဆပ်ရတာတွေ ရှိပါတယ်။ စားသောက်ကုန်လုပ်ငန်းတွေအပြင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ ဦးထုပ် စသဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းတွေကိုလည်း ချေးငွေထုတ်ပေးပါတယ်။ စိုက်ပျိုးရေးလုပ်ချင်တဲ့သူတွေ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ချင်တဲ့သူတွေကိုလည်း ချေးငွေ ထုတ်ချေးပေးပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ ကျေးရွာလမ်းတွေ၊ ဓမ္မာရုံတွေ စသဖြင့် ဆောင်ရွက်ပြီးတဲ့အခါ အရင်က အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၆၀ ရာခိုင်နှုန်း သုံးခဲ့ရာက ၅၀ ရာခိုင်နှုန်းပဲလျှော့သုံးမယ်။ ဝင်ငွေတိုးပွားရေးကဏ္ဍကို ၄၀ ရာခိုင်နှုန်း ပိုသုံးမယ်လို့ ဆုံးဖြတ်တာတွေလည်း ရှိပါတယ်။ ဒါကို ကျေးရွာသူ ကျေးရွာသားတွေနဲ့ ကျေးရွာက ခေါင်းဆောင်တွေ ပါဝင်တဲ့ စုပေါင်းအစည်းအဝေးတွေက ဆုံးဖြတ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက အစည်းအဝေးဖြစ်မြောက်ရေး၊ ဆုံးဖြတ်ချက်တွေ မှန်ကန်ရေး ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် ကျေးရွာပေါင်း ၁၁၀ နဲ့ စတင်ခဲ့တဲ့ စီမံကိန်းကလည်း အောင်မြင်ခဲ့ပါတယ်။

**မေး။ ။ စီမံကိန်းက ဘယ်လိုအကျိုးကျေးဇူးတွေရရှိတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ မိမိကိုယ်မိမိ အားကိုးတတ်စေဖို့၊ လုံ့လဝီရိယတွေရှိဖို့၊ ပူးပေါင်းဆောင်ရွက်တတ်စေဖို့ ရည်ရွယ်ဆောင်ရွက်ပါတယ်။ မြင်သာတဲ့ အကျိုးရလဒ်တွေအနေနဲ့ လူမှုရေးအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးလာတာ၊ ဝင်ငွေတိုးပွားလာတာတွေအပြင် မမြင်သာတဲ့ရလဒ်တွေ၊ တန်ဖိုးမဖြတ်နိုင်တဲ့အချက်တွေက ကျေးရွာသူ ကျေးရွာသားတွေ စည်းလုံးညီညွတ်လာတာ၊ အတူတူ ပူးပေါင်းဆောင်ရွက်တတ်လာတာ၊ ကိုယ့်ကျေးရွာပတ်ဝန်းကျင်မှာ အမှိုက်သရိုက်ကင်းစင်ရေးက ကိုယ့်တာဝန်၊ ကိုယ်တိုင်ဆောင်ရွက်မှုရမယ်ဆိုတဲ့ အသိပညာတွေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာတာ၊ အတွေးသစ် အမြင်သစ်တွေ ရှိလာတာ၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိလာတာတွေကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေထဲမှာ အောင်မြင်တဲ့ စီမံကိန်းတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်မှာ ကိုရီးယားနိုင်ငံက ထောက်ပံ့ငွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ရန်ပုံငွေတစ်ရပ်တည်ထောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ ကျေးရွာပေါင်း ၃၄ ရွာ ထပ်တိုးပြီး ၂၀၂၂ ခုနှစ်မှာ ၁၄၄ ရွာမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကိုရီးယားနိုင်ငံရဲ့ အကူအညီနဲ့ စွမ်းအားမြင့်မီးဖိုစီမံကိန်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုမဖြစ်အောင်၊ ထင်းသုံးစွဲမှု လျှော့ချနိုင်အောင် မီးဖိုထောက်ပံ့ရေးစီမံကိန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းမှာ မီးဖိုပေါင်း ၂၄၈၀၀၀၀ ထောက်ပံ့ခဲ့ပါတယ်။ ဒီအတွက် မီးဖိုတစ်လုံးဖြန့်ဖြူးတိုင်း တစ်ဒေါ်လာရပါတယ်။ ဒီကရတဲ့ ရန်ပုံငွေကို အသုံးပြုပြီး ကျေးရွာသစ်လှုပ်ရှားမှုအသွင်နဲ့ ထပ်မံဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အထိ ကျေးရွာပေါင်း ၂၅၀ မှာ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအသွင်နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လယ်ယာကဏ္ဍကို အခြေခံပြီး တိုးတက်အောင် ဆောင်ရွက်ရမယ်။ အဓိကကျတာ ဒီလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတဲ့ ကျေးရွာနေပြည်သူလူထုက ဆောင်ရွက်မှ ဒီကျေးရွာတွေက ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကနေ မြို့နယ်၊ ခရိုင်၊ တိုင်း ၊ နိုင်ငံ အဆင့်အထိ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တဲ့အတွက် ဒီလို ကျေးရွာပေါင်းများစွာ တည်ထောင်ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ကေတာ



## မြစ်သားမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းဝါ၊မြစ်သားမြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့သည် အမှတ် (၄) ခရိုင်ပတ်လမ်း (မြင်းခြံကုန်း-ခံတက္ကုန်း-နမ်းခင်း-ရွှေစေတီလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်စဉ်နှင့် မြန်မာ့ကော်ဖီ

**ရတနာစိုး (အမျိုးသားစာပေဆုရှင်)**

**၂၀၂၃ ခုနှစ် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု FAO အစီရင်ခံစာအရ ၂၀၂၃ ခုနှစ် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုသည် တန်ချိန် ၁၁ ဒသမ ၁ သန်းဖြစ်သည်။ ၂၀၂၅-၂၀၂၆ တွင် တန်ချိန် ၁၀ ဒသမ ၇ သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းကြသည်။ ကမ္ဘာ့ကုန်သွယ်မှုများတွင် ကော်ဖီကုန်သွယ်မှုတန်ဖိုးသည် ရေနံကုန်သွယ်မှုပြီးလျှင် ဒုတိယအများဆုံးဟု သိရပါသည်။**

ကော်ဖီပင်ကြီးထွားမှုကို လွှမ်းမိုးထားသော၊ အထောက်အကူပြုသောအချက်များမှာ လတ္တီတွဒ်၊ တည်နေရာ၊ ကုန်းမြင့်၊ ရာသီဥတု၊ မိုးရေချိန်၊ နေရောင်ရရှိမှု မြေ၏ သဘာဝနှင့် စိုက်ပျိုးနည်းစနစ်အပေါ်မူတည်ပြီး ကော်ဖီ၏ အနံ့အရသာနှင့် အရောင်အဆင်းကွဲပြားကြပါသည်။ ယခုခေတ်တွင် ကော်ဖီထုတ်လုပ်မှုသည် ကော်ဖီနှစ်မျိုးဖြစ်သော အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီတို့အပေါ်တွင် လုံးဝတည်ရှိနေပါသည်။

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်လာခြင်း၊ မတည်ငြိမ်သော မိုးရွာသွန်းမှုများကြောင့် ကော်ဖီပင်များပျက်စီးခြင်း၊ အထွက်နှုန်းနှင့် အရည်အသွေးကျဆင်းခြင်း၊ ပိုးမွှားရောဂါများ ပိုမိုဆိုးရွားလာခြင်းများနှင့် ကြုံတွေ့နေရပြီး ကော်ဖီစိုက်ပျိုးသူများမှာ အခက်အခဲနှင့်ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

ရာသီဥတုပြောင်းလဲမှုတွင် ကော်ဖီထုတ်လုပ်သော နိုင်ငံများ၌ ဖြစ်ပေါ်လာမည့် အကြောင်းရင်းများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထပ်တူညီမျှ တူညီကြမည်မဟုတ်ပါ။ ဥပမာအားဖြင့် အာရေဗီကာစိုက်ပျိုးသည့် ကိုလံဘီယာနိုင်ငံသည် ကြံ့ခိုင်သော ရိုဘတ်စတာမျိုးကို အဓိကစိုက်ပျိုးသည့် ဗီယက်နမ်နိုင်ငံထက် ပိုမိုဆိုးရွားစွာခံစားရနိုင်ပါသည်။





သဘာဝတောအတွင်း ရိုဘတ်စတာကော်ဖီစိုက်ပျိုးထားစဉ်(ပဲခူးရိုးမ)။

### ကော်ဖီများရှင်သန်မှုကို ထိခိုက်စေ

ကော်ဖီဈေးနှုန်းများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ကြီးမြင့်လာနေပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် ကော်ဖီဈေးနှုန်းမြင့်တက်ခြင်းတို့မှာ ကြီးစွာဆက်နွှယ်လျက်ရှိပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအတွက် ခြိမ်းခြောက်မှုအမျိုးမျိုးကို တွေ့ကြုံနေရပြီး သစ်တောပြုန်းတီးမှုမှ အပူချိန်ပြောင်းလဲသဖြင့် အပင်ရောဂါကျရောက်ခြင်းနှင့် ကော်ဖီများ ရှင်သန်မှုကို ထိခိုက်စေခြင်းတို့ ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာပြီး တဖြည်းဖြည်းအပူချိန်မြင့်တက်လာမှုကြောင့် ကော်ဖီကို ပို၍အေးမြသော ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို ကာလတိုတစ်ခုသာ ပြုလုပ်နိုင်ပြီး ရေရှည်တိုးချဲ့သွားရန် မဖြစ်နိုင်ပါ။ အအေးပိုင်းဒေသများတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးလာနိုင်သော်လည်း ရာသီဥတုပြောင်းလဲခြင်းကြောင့် ကော်ဖီထုတ်လုပ်မှုမှာ ၂၁ ရာစု အလယ်ပိုင်းခန့်တွင် ကြီးမားစွာလျော့ကျသွားနိုင်ပါသည်။ ကော်ဖီသုတေသန နှစ်ပတ်လည် အစီရင်ခံစာအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှု၏ ၄၇ ရာခိုင်နှုန်း ထုတ်လုပ်သော နိုင်ငံများတွင် ကော်ဖီမြေ ၆၀ ရာခိုင်နှုန်းကျော် လက်လွှတ်ဆုံးရှုံးနိုင်သည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာပေါ်တွင် အမေရိကန်သည် ကော်ဖီသောက်သုံးမှုအများဆုံးဖြစ်ပြီး အခြားနိုင်ငံများ (ဥရောပ၊ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသ) တွင်လည်း ကော်ဖီသောက်သုံးမှု ကြီးထွားလာလျက်ရှိပါသည်။ ဝယ်လိုအားတက်ပြီး ထုတ်လုပ်မှုကျဆင်းလာပါက လာမည့်နှစ်များတွင် ကော်ဖီဈေးနှုန်းများ တက်လာပါမည်။ လက်ရှိမှာပင် ဈေးတက်နေသော ကော်ဖီဈေးနှုန်းများက ထောင်၍တက်လာမည် ဖြစ်ပါသည်။ ကော်ဖီဈေးတက်လာခြင်းကို ရှောင်ရှား၍ မရနိုင်တော့ပါ။

ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေ ဆောင်ရွက်ချက်များအနေဖြင့် အာရေဗီကာကော်ဖီမျိုးကို ပို၍မြင့်သော ကုန်းမြင့်ဒေသများတွင် ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲမှုကို ခုခံနိုင်သောကော်ဖီမျိုးများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည်တို့သည် ပြောင်းလဲလာသော ရာသီဥတု အခြေအနေနှင့် လိုက်လျောညီအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သုတေသနပညာရှင်များက ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော အာရေဗီကာကော်ဖီမျိုးသစ်များကို မျိုးကူးစပ် ရွေးချယ်ထုတ်လုပ်လျက်ရှိပါသည်။ ယင်းမျိုးများသည် ပူနွေးသောအပူချိန်တွင် ဖြစ်ထွန်းနိုင်ပါသည်။

### ကော်ဖီစိုက်ပျိုးနည်းစနစ်နှစ်မျိုးရှိ

ကော်ဖီစိုက်ပျိုးနည်းစနစ်တွင် အရိပ်ဖြင့်စိုက်ပျိုးခြင်းနှင့် အရိပ်မဲ့နေရောင်ခြည် တိုက်ရိုက်နေရောင်ခံစိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိရာ ဘရာဇီး၊ ကိုလံဘီယာ၊ ကင်ညာနှင့် ဗီယက်နမ်တို့ အပါအဝင် အဓိကကော်ဖီထုတ်လုပ်သည့် နိုင်ငံများသည် အထွက်နှုန်း မြင့်မားစေရန် အရိပ်မဲ့နေရောင်ခြည် တိုက်ရိုက်စိုက်ပျိုးနည်းကို အသုံးပြုကြသည်။

အရိပ်မဲ့စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်မားလာသော်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ပိုမိုထည့်သွင်းရခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေပါသည်။ အရိပ်ဖြင့် စိုက်ပျိုးခြင်းသည် မြေဆီလွှာထိန်းသိမ်းနိုင်မှု၊ ရေထိန်းသိမ်းနိုင်မှု၊ ဓာတုဆေးဝါးလျှော့ချနိုင်မှု၊ ပိုးမွှားထိန်းသိမ်းနိုင်မှု စသည့်အကျိုးရလဒ်များ ရရှိနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အရိပ်မဲ့စိုက်ပျိုးသည့်နိုင်ငံများသည် အရိပ်ဖြင့် စိုက်ပျိုးသည့် နိုင်ငံများထက် ရာသီဥတုဒဏ် ပိုမိုခံစားရဖွယ်ရှိပါသည်။

### ရိုဘတ်စတာကော်ဖီကို စိုက်ပျိုးလာကြ

ကမ္ဘာ့ကော်ဖီထုတ်လုပ်သည့်နိုင်ငံများတွင် အာရေဗီကာကော်ဖီစိုက်ပျိုးရန် မသင့်လျော်သည့် ဒေသများ၌ ရိုဘတ်စတာကော်ဖီကို စိုက်ပျိုးလာကြသည်။ အကြောင်းမှာ ရိုဘတ်စတာကော်ဖီသည် အာရေဗီကာကော်ဖီထက် အပူဒဏ်၊ ပူနွေးစွတ်စိုမှုဒဏ်ကို ပို၍ခံနိုင်ရည်ရှိသည်။ ရိုဘတ်စတာကော်ဖီသည် ပြုစုရန်လွယ်ကူပြီး သီးနှံထွက်ရှိမှု ပိုမိုများပြားသည့်အပြင် အာရေဗီကာကော်ဖီထက် ကဖိန်းနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ နှစ်ဆနီးပါး ပါဝင်ပြီး အာရေဗီကာကော်ဖီထက် ပိုးမွှားရောဂါဒဏ် ပိုမိုခံနိုင်ရည်ရှိခြင်းကြောင့် ဖြစ်ပါသည်။

ရိုဘတ်စတာကော်ဖီ၏ ပြင်းထန်သော အရသာသည် ရောစပ်ကော်ဖီထုတ်လုပ်နိုင်ခြင်း၊ ပျော်လွယ်ကော်ဖီထုတ်လုပ်နိုင်ခြင်းနှင့် Espresso ကော်ဖီထုတ်လုပ်ရာတွင် အသုံးပြုခြင်း၊ ကော်ဖီဝယ်လိုအား မြင့်တက်လာခြင်းအပါအဝင် အကြောင်းများစွာတို့ကြောင့် ယခုအခါ ရိုဘတ်စကာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို ချဲ့ထွင်လာကြသည်။ ထိုသို့ ချဲ့ထွင်စိုက်ပျိုးလာကြခြင်းဖြင့် ကမ္ဘာ့ကော်ဖီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်လက်ခံလာကြသည်။ ယခုအခါ ကမ္ဘာ့ကော်ဖီစိုက်ပျိုးမှု၏ ၄၀ ရာခိုင်နှုန်းခန့်အထိ တိုးချဲ့စိုက်ပျိုးလာကြသည်။ ရိုဘတ်စတာကော်ဖီစိုက်ပျိုးသည့်အခါ အဓိကလိုအပ်ချက်မှာ ကော်ဖီသီးခူးပြီးမတ်လ၊ ဧပြီလများတွင် ရေပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပထဝီအခြေအနေအရ ရာသီဥတုမျိုးစုံရှိပြီး အာရေဗီကာကော်ဖီနှင့် ရိုဘတ်စတာကော်ဖီ နှစ်မျိုးလုံး စိုက်ပျိုးလျက်ရှိရာ အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီ နှစ်မျိုးလုံး တိုးချဲ့စိုက်ပျိုးရန်သင့်လျော်သည့် ရေမြေရာသီဥတုနှင့် နေရာဒေသများစွာရှိသည့်အပြင် ရေအရင်းအမြစ်ပေါကြွယ်ဝသဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် အခွင့်အလမ်းများ များစွာရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကတည်းက

**စာမျက်နှာ ၁၉ သို့** ✻

**❛ကော်ဖီကို သဘာဝသစ်တောများ၊ လူတို့စိုက်ပျိုးထားသော သစ်တောများတွင် တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။**

**အထူးသဖြင့် ကော်ဖီဖြစ်ထွန်းမည့် ဒေသများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းဖြင့် သစ်ခုတ်ပြီးသော သစ်တောများတွင် အဖိုးတန်သစ်မာပင်များ၊ ဆေးဖက်ဝင်အပင်များ၊ ဟင်းခတ်အမွှေးအကြိုင်ပင်များ (ဥပမာ-လေးညှင်း၊ ငရုတ်ကောင်း၊ ကရဝေး၊ သစ်ကြံပိုး၊ နာနတ်ပွင့်) တို့နှင့်ပေါင်းစပ်၍ ကော်ဖီစိုက်ပျိုးခြင်းဖြင့် ကော်ဖီမှဝင်ငွေများစွာရရှိပြီး သီးညှပ်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ❜**



ကော်ဖီပင်နှင့် ငရုတ်ကောင်းပင် သီးညှပ်စိုက်ပျိုးထားစဉ်။

# အားကောင်းသောမုန်တိုင်းငယ် ဆက်လက်တည်ရှိ

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့(Chennai)၏ အရှေ့-အရှေ့ တောင်ဘက် ရေမိုင် ၄၀၅ မိုင်ခန့်၊ ကာကီနာဒါမြို့(Kakinada)၏ အရှေ့တောင်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၁.၃ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၆.၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်ပါသည်။

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်- အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့လည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ကာ ယင်းနေ့ ညပိုင်းတွင် အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ ညနေမှ ၂၈-၁၀-၂၀၂၅ ရက်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



၂၆-၁၀-၂၀၂၅ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။




## ပေါင်းတည်မြို့နယ်၌ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲရေးဆောင်ရွက်

**ပေါင်းတည် အောက်တိုဘာ ၂၆**



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မြို့မဈေးနှင့် ရွှေတည်ဈေးတို့၌ ပလတ်စတစ် ကြွပ်ကြွပ်အိတ် လျှော့ချသုံးစွဲ နိုင်ရေးအတွက် ဈေးရောင်းချနေသူများအား ဒေသထွက် အင်ဖက်များ ဖြန့်ဝေပေးခြင်းကို ယခုလ စတုတ္ထပတ်၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ၊ ဈေးတာဝန်ရှိသူများ၊ ဈေးရောင်းချနေသူများအား ကြွပ်ကြွပ်အိတ် လျှော့ချသုံးစွဲရေးအတွက် ဒေသထွက် အင်ဖက်ရွက်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြပြီး သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး၊ မြေဆီလွှာမပျက်စီးစေရေး၊ သက်ရှိများ၏ ဂေဟစနစ်များနှင့် လူတို့၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် တစ်ဦးတစ်ယောက်ချင်း အနေဖြင့် ပလတ်စတစ် ကြွပ်ကြွပ်အိတ်များ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများ လျှော့ချခြင်းများကို လိုက်နာဆောင်ရွက်ပေးကြရန် အသိပညာပေးသည်။

ထို့ပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးရောင်းချသူများအား သားငါးအပါအဝင်အခြေခံ စားသုံးကုန်များအား ဈေးနှုန်းများ မြှင့်တင်ရောင်းချမှု မပြုရေး၊ အခြေခံစားသုံးသူများဝယ်ယူစားသုံးနိုင်ရေးအတွက် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေးတို့ကို အသိပေးပြောကြားခဲ့ကြကြောင်း သိရသည်။

**ရွှေသား(IPRD)**

## ဖျာပုံခရိုင်၌ ရုံးဌာနဆိုင်ရာများအား မီးဘေးလုံခြုံမှုရှိစေရေးစစ်ဆေး

**ဖျာပုံ အောက်တိုဘာ ၂၆**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနက ရုံး၊ ဌာနများ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဖျာပုံမြို့နယ် အကျဉ်းဦးစီးဌာန ဖျာပုံအကျဉ်းထောင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ယနေ့ မွန်းလွဲပိုင်းက စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်သည့် ခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အကျဉ်းထောင်အတွင်းရှိ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မီးဘေးသတိမူရေး လုပ်ငန်းများအား လိုက်နာဆောင်ရွက်ရမည့် အချက်များ ဟောပြောဆွေးနွေး အသိပညာပေးကာ မီးဘေးကာကွယ်ရေး ပစ္စည်းများနှင့် လျှပ်စစ်မီးအား ခံနိုင်ဝန်အားထက် ပိုမိုသုံးစွဲမှုမရှိစေရေး စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရေဦးသာ**

## ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

✻ **စာမျက်နှာ ၁၈ မှ**

ကော်ဖီစိုက်ပျိုးခဲ့သည့် အတွေ့အကြုံများရှိသည့် အပြင် ကျွမ်းကျင်ပညာရှင်များလည်းရှိနေပြီး အစဉ် အလာအရ အရိပ်ဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောကော်ဖီများကို နိုင်ငံတကာကော်ဖီဈေးကွက်တွင် လူကြိုက်များ သော်လည်း အမြောက်အမြား ထုတ်လုပ်တင်ပို့နိုင်ရန် လိုအပ်နေပါသေးသည်။ အထူးသဖြင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် ရွာငံ၊ နောင်တရား၊ ပင်လောင်း၊ မဲနယ်တောင်မှထွက်ရှိသော ကော်ဖီများသည် ရေပန်းစားလျက်ရှိပါသည်။ ထိုဒေသများသည် ပင်လယ်ရေမျက်နှာပြင်မှ ပေ ၄၀၀၀ ကျော် မြင့်ပြီး အာရေဗီကာကော်ဖီကို ချဲ့ထွင်စိုက်ပျိုးရန် သင့်လျော်ပါသည်။ အလားတူ ကရင်ပြည်နယ်မှ ထွက်ရှိသော ရိုဘတ်စတာကော်ဖီသည်လည်း လူကြိုက်များသဖြင့် အာရေဗီကာစိုက်ပျိုးရန် မသင့်လျော်သော ဒေသများတွင် ရိုဘတ်စတာကော်ဖီကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းရိုးမနှင့် ပဲခူးရိုးမတို့တွင် ရိုဘတ်စတာကော်ဖီမျိုးကို တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။

ကော်ဖီကို သဘာဝသစ်တောများ၊ လူတို့စိုက်ပျိုးထားသောသစ်တောများတွင် တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ အထူးသဖြင့် ကော်ဖီဖြစ်ထွန်းမည့်ဒေသများတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနည်းဖြင့် သစ်ခုတ်ပြီးသော သစ်တောများတွင် အဖိုးတန်သစ်မာပင်များ၊ ဆေးဖက်ဝင်အပင်များ၊ ဟင်းခတ်အမွှေးအကြိုင်ပင်များ (ဥပမာ-လေးညှင်း၊ ငရုတ်ကောင်း၊ ကရဝေး၊ သစ်ကြံပိုး၊ နာနတ်ပွင့်) တို့နှင့် ပေါင်းစပ်၍ ကော်ဖီစိုက်ပျိုးခြင်းဖြင့် ကော်ဖီမှ ဝင်ငွေများစွာရရှိပြီး သီးညှပ်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိပါသည်။

ထို့ပြင် မျိုးသုဉ်းပျောက်ကွယ်နိုင်မည့် အဖိုးတန်သစ်မာမျိုးစိတ်များ ထိန်းသိမ်းနိုင်ခြင်း၊ သစ်တောများရှင်သန်ဖွံ့ဖြိုးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖွံ့ဖြိုးစေခြင်း စသည့်အကျိုးရလဒ်များ ရရှိစေမည်ဖြစ်ပါသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သောဒေသများနှင့် ဆက်စပ်နေသော နေရာဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိစေမှုတို့ကြောင့် နိုင်ငံတော်ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို အထောက်အကူဖြစ်စေပါမည်။

သို့ဖြစ်၍ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုကျဆင်းနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို စီမံဆောင်ရွက်၍ အစိုးရ၊ လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အနာဂတ်တွင် ကမ္ဘာ့ကော်ဖီထုတ်လုပ်သည့် ထိပ်ဆုံးနိုင်ငံများထဲတွင် နေရာရယူနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4

**Unit 6 Myanmar and its neighbouring countries**
**Lesson 2 Capitals**

**I. Complete the sentences using the words from the box.**

| eggs | money | phones | park car |
|---|---|---|---|

1. I can play with my friends at the __________.
2. He can use my __________ if he needs it.
3. We cannot use our __________ in class.
4. A few people in the world are very rich, but others don't have any __________.
5. There are a few __________ in the fridge but you will need to buy some milk.

**II. Fill in the blanks with the missing words. The first letters are given to help you.**

1. We go to the food s__________ to buy food.
2. The c__________ of India is the rupee.
3. China is a very b__________ country.
4. L__________ is between China and Thailand.
5. The y__________ is the currency of China.

**III.Fill in the blanks with the correct form of the words given in the brackets.**

1. (teach) she is a __________.
2. (play) They like __________ football.
3. (swim) He likes __________.
4. (take) Ko Tuu Tuu likes __________ photographs.
5. (wait) Su Su hates __________ for the bus.

**IV. Fill in the blanks with the correct form of the verbs given in the brackets.**

1. (begin) The class __________ at 9 am.
2. (study) Aye Mya __________ English every night.
3. (love) she __________ chocolate.
4. (go) The moon __________ round the earth.
5. (go) They sometimes __________ to the cinema.

**V. A. Look at the maps and complete the sentences.**

1. The capitla of Myanmar is ____________________.
2. The capital of Bangladesh is ____________________.
3. The capital of China is ____________________.
4. The capital of India is ____________________.
5. The capital of Laos is ____________________.
6. The capital of Thailand is ____________________.

**V.B. Rewrite the sentences from V.A. as in the No. 1.**

1. The capital of Myanmar is Nay pyi Taw.
   Nay Pyi Taw is the capital of myanmar.
2. The capital of Bangladesh is Dhaka.
3. The capital of China is Beijing.
4.. The capital of India is New Delhi.
5. The capital of Laos is Vientaine.
6. The capital of Thailand is Bangkok.

Answers:
Unit 6 Myanmar and its neighbouring countries
Lesson 2 Capitals
I.1.park 2. car 3. phones 4. money 5. eggs
II. 1.shop 2. currency 3. big 4. Laos 5. yuan
III.1.teacher 2. playing 3.swimming 4. taking 5. waiting
IV. 1. begins 2. studies 3. loves 4. goes 5. go
V. A. 1. The capitla of Myanmar is Nay Pyi Taw. 2. The capital of Bangladesh is Dhaka. 3. The capital of China is Beijing. 4. The capital of India is New Delhi. 5. The capital of Laos is Vientiane. 6. The capital of Thailand is Bangkok.
V.B. 1. The capital of Myanmar is Nay pyi Taw. Nay Pyi Taw is the capital of myanmar. 2. The capital of Bangladesh is Dhaka. Dhaka is the captal of Bangladesh.3. The capital of China is Beijing. Beijing is the capital of China.4. The capital of India is New Delhi. New Delhi is the capital of India.5. The capital of Laos is Vientiane. Vientiane is the capital of Laos.6. The capital of Thailand is Bangkok. Bangkok is the capital of Thailand.

## Grade 5

**Lesson 2: Healthy habits**
**Reading**

**II.(A) Look at the picture and write True or False to answer the given words.**

(1)  clipping nails (1)______________

(2)  have a cough (2)______________

(3)  a dentist (3)______________

(4)  wash hands (4)______________

(5)  healthy foods (5)______________

**(B) Read the following dialogue and fill in the blanks with the suitable words given below.**

| day | sleep | early | healthy | What |
|---|---|---|---|---|
| drink | walk | exercise | more | look |

**Aye:** Hi Myo! You _____(1)_____ happy and fresh today.
**Myo:** Thanks, Aye! I've started following a _____(2)_____ lifestyle.
**Aye:** Really? _____(3)_____ do you do?
**Myo:** I eat _____(4)_____ fruits and vegetables every day.
**Aye:** That's great! Do you also _____(5)_____?
**Myo:** Yes, I go for a _____(6)_____ every morning.
**Aye:** Do you _____(7)_____ lots of water?
**Myo:** Yes, I drink at least 6 glasses of water a _____(8)_____.
**Aye:** How about _____(9)_____?
**Myo:** I sleep _____(10)_____ and get 8 hours of sleep every night.
**Aye:** You're doing all the right things!
**Myo:** Thanks! A healthy life makes me feel strong and happy.

**(C) Read the passage and answer the questions.**

Healthy habits are important for living a strong and happy life. They help us stay away from sickness and feel good every day. Eating fruits and vegetables gives us energy and vitamins. Drinking enough water keeps our body fresh and active. Brushing our teeth and washing our hands keeps us clean. Getting enough sleep helps our mind and body rest. Exercise makes our muscles strong and our hearts healthy. Spending less time on screens is good for our eyes. Healthy habits help us do better in school and play. When we follow healthy habits, we grow up healthy and happy.

(1) Why are healthy habits important?
(2) What gives us energy and vitamins?
(3) How does drinking enough water help our body?
(4) Why should we brush our teeth and wash our hands?
(5) What happens when we follow healthy habits?

**Writing**

**III.(A)Fill in the blanks with a suitable word form.**

(1) (health) Eating fruits and vegetables helps us stay________.
(2) (regular) We should brush our teeth ___________ to keep them clean.
(3) (dirt) My hands are ___________ after playing outside.
(4) (save) Wear a helmet for your ________ when riding a bike.
(5) (eat) My little brother is a picky __________ and doesn't like vegetables. (picky=ဇီဇာကြောင်သော)

**(B) Supply the correct form of the verb given the brackets.**

(1) (wash) She ___________ her hands before every meal.
(2) (spit) The boy ___________ the watermelon seeds on the ground yesterday.
(3) (wear) He ____________ a clean uniform today.
(4) (clip) We should __________ our nails once a week.
(5) (brush) I ______________ my teeth last night before bed.

**(C) Rearrange the following words in the correct order to make a sentence.**

1. a / sleep / hours / I / eight / . / night /
2. should / eat / We / food / . / healthy /
3. ? / water / you / How / drink / do / much / a / day /
4. regularly / exercise / should / . / I /
5. often / You / wash / should / hands / . / your /

Answers:
Unit 6
Lesson 2: Healthy habits
Reading
(A) 1. True 2. True 3. True 4. True 5. True
(B) 1. look 2. healthy 3. What 4. more 5. exercise 6. walk 7. drink 8. day 9. sleep 10. early
(C) (1) 1. Healthy habits are important because they help us live a strong and happy life. 2. Eating fruits and vegetables gives us energy and vitamins. 3. Drinking enough water keeps our body fresh and active. 4. We should brush our teeth and wash our hands to stay clean every day. 5. We grow up healthy and happy when we follow healthy habits.
Writing
III.(A) 1. healthy 2. regularly 3. dirty 4. safety 5. eater
(B) 1. washes 2. spat 3. is wearing 4. clip 5. brushed
(C)1. I sleep eight hours a night. 2. We should eat healthy food. 3. How much water do you drink a day? 4. I should exercise regularly. 5. You should wash your hands often.

*********************

## Grade 6

**Unit 6**
**Lesson 1: Let's eat out!**
**Talking about prices**

**(A) Practise the dialogue using the information given.**

**Rice and Curry**

| | |
|---|---|
| Rice | = 200 K |
| Chicken | = 1500 K |
| Beef | = 1300 K |
| Pork | = 1200 K |
| Mutton | = 1800 K |
| Fish | = 1200 K |
| Eggs | = 1000 K |

**Dialogue (1)**
Customer: How much is the ______________________?
Waiter: It's 1000 K.

**Dialogue (2)**
Customer: Can I have __________________________, please?
Waiter: That'll be 1300 K.

**Dialogue (3)**
Customer: How much is the ______________________?
Waiter: It's _____________ K.

**Vocabulary**

**(A) Complete each sentence with the most suitable word. The first letter of each word is given to help you.**

1. Shall I o_______ a taxi for you? Yes, please.
2. Would you like anything to d________? Juice, please.
3. What is the f______ you like the best at this restaurant?
4. Good morning Sir. Good morning, may I see the m____first?
5. Waiter, how much does our b_____ come to?
6. Can I h_____ the chicken noodle soup and some coffee, please?
7. Would you like a_________ to drink?
8. If there's anything e_____I can do to help, just let me know.
9. It's a special offer to attract new c_________.
10. Our shop is selling a lot of quality things. How about the p_____?

စာမျက်နှာ ၂၂ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

**Grade 7**

**Unit 6**

**Lesson 1: To the pizza shop**

**(ယခင်တစ်ပတ်မှအဆက်)**

**IV. Supply the correct form of the verbs given in brackets.**

1. (get) When did you ____________ to school this morning?
2. (tell) Can you __________ me your name?
3. (turn) When you reach the traffic light, __________ left.
4. (go) After we had finished our work, we _________ back home.
5. (buy) He checked the car for some time and ______ it.
6. (see) I _______ your mother in the market this morning.
7. (send) When I reach the beach, I __________ you a postcard.
8. (repair) The villagers are __________ the old bridge at present.
9. (fix) He is a mechanic. He can _________ a car.
10. (cut) Mother __________ slices of cake for us now.

**V. Choose the correct preposition.**

1. The books are ____________ the shelf.
   (a) in (b) next to (c) on
2. Zaw Khin sometimes sits _____________ Ko Ko and Zaw Zaw.
   (a) between (b) on (c) in front of
3. Mu Mu usually sits ____________ this chair.
   (a) on (b) in (c) above
4. The computer is __________ the telephone.
   (a) under (b) next to (c) between
5. Mike often hides ___________ that tree.
   (a) in (b) above (c) behind
6. My mother's glasses are ______________ the TV.
   (a) above (b) on (c) in
7. The books are __________ my schoolbag.
   (a) above (b) in (c) between
8. The mouse is __________ the cats.
   (a) between (b) on (c) above
9. The pillow is ___________ the blanket.
   (a) between (b) in (c) under
10. There is a bed ___________ my room.
    (a) on (b) under (c) in

**Answers:**

**Unit 6 Lesson 1: To the pizza shop**

IV. 1. get; 2. tell; 3. turn; 4. went; 5. bought; 6. saw; 7. will send; 8. repairing; 9. fix; 10. is cutting;

V. 1. on 2. between 3. on 4. next to 5. behind 6. on 7. in 8. between 9. in 10. in

********************

**Grade 8**

**Unit 6**

**Lesson 1: Our environment**

**(ယခင်တစ်ပတ်မှအဆက်)**

**Vocabulary**

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He stood outside, breathing the cold night a_______
2. Raw meat and poultry may contain harmful b_______.
3. The m______grow on the shores of the coastal areas.
4. The workers drilled through many layers of the r_______ to reach the oil.
5. Cutting down the forest trees can lead to serious s_______ erosion.
6. T______ provide us with shade and on hot and sunny days.
7. An active v_______ may erupt at any time.
8. The government laid down policies for the protection of w_________.
9. My bedroom gets lots of s_____on sunny and hot days.
10. There are greenhouse gases in the earth's a_______.

**II. Fill each blank with the appropriate words given below.**

| | | | |
|---|---|---|---|
| air | bacteria | mangroves | rocks |
| soil | trees | volcanos | wildlife |

1. When a _______ erupts, it forces red hot ashes, gases, rocks, etc. out of the opening at the top.
2. Nowadays, safari parks around the world are designed to look like the natural environment for ______ to move around freely.
3. We need to improve the quality of _______ by using natural fertilizers.
4. We cannot see _______, which are the cause of many diseases, such as pneumonia and tuberculosis.
5. When we were at Ngapali, we took group photos before the big black _______ on the shore.
6. We cannot see ______, but we can prove that it has weight and pressure.
7. Our boat turned into the narrow river, and we could clearly see the roots of _______along the river banks.
8. We get wood, shelter, and oxygen from _______.

**Answers**

**Unit 6**

**Lesson 1: Our environment**

**Vocabulary**

I. 1. air 2. bacteria 3. mangroves 4. rock 5. soil 6. Trees 7. volcano 8. wildlife 9. sunlight 10. atmosphere

II. 1. volcano 2. wildlife 3. soil 4. bacteria 5. rocks 6. air 7. mangroves 8. trees

*********************

**Grade 9**

**Unit 5**

**Lesson 1: I love music!**

**(ယခင်တစ်ပတ်မှအဆက်)**

**III. Supply the correct form of the words in brackets.**

1. (perform) The students prepared a wonderful _______ for the audience.
2. (bore) The lecture was very _______ and I almost fell asleep.
3. (rhythm) The _______ of the drums was very catchy.
4. (develop) Regular practice helps in muscle _______.
5. (listen) Active _______ improves language skills.
6. (music) The band gave a fantastic _______ performance last night.
7. (origin) The artist created an __________ painting that no one had seen before.
8. (accompany) Tea and biscuits make a perfect _______.
9. (speak) He gave an inspiring _______ during the ceremony.
10. (Thailand) _______ food is famous for its spicy taste.

**IV. Supply the correct form of the verbs in brackets.**

1. (originate) This dance _______ from ancient times.
2. (forget) They _______ their homework last night.
3. (like) He _______ the new movie a lot.
4. (stay) We _______ at a hotel during the vacation.
5. (know) You _______ the results by tomorrow.
6. (prefer) I _______ tea to coffee.
7. (sing) The choir _______ beautifully at the festival every year.
8. (speak) She _______ clearly during the presentation yesterday.
9. (draw) He _______ a picture now.
10. (feel) I _______ tired after the long journey.
11. (imitate) The child _______ her parents' actions.
12. (listen) They _______ to the new album next week.
13. (derive) I _______ great joy from listening to music.
14. (develop) They _______ a new song for the concert.
15. (change) She _______ her hairstyle last week.

**V. Rewrite the sentences according to the instructions.**

1. She sings beautifully. **(Make a question to which the underlined words are answers.)**
2. He (drive) to work every day. **(Rewrite using Present Simple or Present Continuous.)**
3. You want to remind your friend to bring the book. What do you say? **(Write with question tags using "You won't forget…")**
4. She said to me, "I was cooking when you called." **(Change to Reported Speech.)**
5. Can I borrow your pen? **(Rewrite using "Would you mind / Do you mind…?")**
6. He (read) a book when the phone rang. **(Rewrite using Past Simple or Past Continuous.)**
7. You want to confirm she can swim. What do you say? **(Write with question tags using "She can…")**
8. They didn't buy the car because it was too expensive. **(Make questions to which the underlined words are answers.)**
9. He said, "I will see you tomorrow." **(Change to Reported Speech.)**
10. She was sleeping when someone (knock) on the door. **(Rewrite with Past Simple or Present Perfect.)**
11. He (watch) TV now. **(Rewrite using Present Simple or Present Continuous.)**
12. She said, "I didn't go to school yesterday." **(Change to Reported Speech.)**
13. You will attend the party tomorrow. **(Make a question to which the underlined words are answers.)**
14. You want to confirm the meeting time. What do you say? **(Rewrite using question tags with "We are meeting at 5 PM, …")**
15. Ko Moe said, "I was there when you called." **(Change to Reported Speech.)**

**Answers:**

**Unit 5**

**Lesson 1: I love music!**

III. 1. performance 2. boring 3. rhythm 4. development 5. listening 6. musical 7. original 8. accompaniment 9. speech 10. Thai

IV. 1. originates 2. forgot 3. likes 4. stayed 5. will know 6. prefer 7. sing 8. spoke 9. is drawing 10. feel 11. imitates 12. will listen 13. derive 14. developed 15. changed

V. 1. How does she sing? 2. He drives to work every day. 3. You won't forget to bring the book, will you? 4. She told me that she had been cooking when I called. 5. Would you mind if I borrowed your pen? / Do you mind if I borrow your pen? 6. He was reading a book when the phone rang. 7. She can swim, can't she? 8. Why didn't they buy the car? Because it was too expensive. 9. He said that he would see me the next day. 10. She was sleeping when someone knocked on the door. 11. He is watching TV now. 12. She said that she hadn't gone to school the day before. 13. When will you attend the party? 14. We are meeting at 5 PM, aren't we? 15. Ko Moe said that he had been there when I called.

# သူ့အိမ်ရာကို ဖျက်ဆီးခြင်း

ပီမိုးနှင်း

ယခုခေတ်ကာလသည် လွတ်လပ်သောမိန်းမတွေ လွန်စွာများသော ခေတ်ဖြစ်ပါလျက် အချို့သောယောကျ်ားများသည် ကာမပိုင်မိန်းမများကိုမှ ကြံစည်တတ်ကြသည်မှာ အခြားကြောင့်မဟုတ်။ လွတ်လပ်သောမိန်းမတို့ကို စမိလျှင် မိမိအပေါ်၌ တာဝန်ကျတတ်ခြင်း၊ မိန်းမမှာလည်း လင်သားမရှိဘဲလျက် အထည်ကိုယ်ပေါ်၍ လာချေက အဘယ်မျှလောက်လေးမည်ကို စဉ်းစားကာ လွယ်ကူစွာမလိုက်ပါဘဲ ငြင်းဆန်တတ်ခြင်းကြောင့် ဖြစ်လေသည်။

ကာမပိုင်ရှိသူ မိန်းမမှာမူကား အဘယ်လိုပင်ဖြစ်စေကာမူ မိမိမှာ ဝန်လေးခြင်းမရှိ၊ လူမသိလျှင်ပြီးတာပဲ၊ ငရဲဆိုတာတော့ နောင်ခါကျချင်မှကျမှာမို့ မရေမရာ။ မသေချာသော အနာဂတ်ဘေးမျှဖြစ်သည်ဟု စိတ်ချကာ နှစ်ဦးသဘောတူ လူမမြင် ဆိတ်ကွယ်ရာမှာ အကြိတ်အနယ် ကြံတတ်ကြလေသည်။

အချို့သော ယောကျ်ားများမှာကား အဘယ်ဝန်ကိုမှ မကြောက်။ "ဥစ္စာကိုယူ လူကိုခိုး" ဟူသော ကြာပင်မျိုးစိုက်ခြင်းမျှသာ ဖြစ်လေသည်။

ဤကြာအလုပ်သည် လောက၌ အလွယ်ဆုံးအလုပ်ဖြစ်၍ ရုပ်ကလေး အတော်အတန် သနားကမားရှိလျှင် မိန်းမများ သနားကြင်နာပြောတတ်သောအမူအရာအတတ်ကို တတ်သူတို့ထံမှ မှတ်သားလေ့ကျင့်ပြီး အဝတ်အစားကို အမြဲဂရုစိုက်ကာ မျက်နှာမှာ အဆီရောင်မထွက်ရအောင် တို့ပတ်ပေါင်ဒါ တသသနေပြီး လည်ပတ်ရှာကြံဖို့သာ လိုလေသည်။

သို့ဖြစ်၍ ဤကြာခိုသောအလုပ်သည် အပျိုကို လှည့်သောအလုပ်ထက် လွယ်ကူသောအလုပ်ဖြစ်ကြောင်း သိသာ၏။

သို့သော်လည်း ကြာသမားများသည် လူလစ်သည့်အခါ တိတ်တဆိတ် ဆီအိုး၊ ငါးပိအိုး၊ ထမင်းအိုးကိုဝင်၍ နှိုက်သော ခွေးဝဲစားနှင့်တူလေရာ နောင်သံသရာ၌ ခံရမည့်အရေးကို ထားလိုက်ဦးတော့၊ ဤလောက၌ပင် လွန်စွာရှက်ဖို့ကောင်း၏။

ထိုလူမျိုးသည် သူရဲဘောလွန်စွာနည်းပြီး လွန်စွာရက်စက်သောသူများဖြစ်လေရာ သူတစ်ပါးပစ္စည်းကိုပိုင်သည့်အခါ သူ့လင်တော့သိရင် တကယ်နာမှာပဲ၊ အဲဒါမှကောင်းတာ၊ ကြောရတဲ့ပဒုံမာဟု နှစ်နှစ်ကာကာ ပိုင်နိုင်စွာကြောတတ်ကြလေသည်။

ထိုကဲ့သို့ သူ့မယားကို ဖျက်ဆီးသူတို့သည် အများအားဖြင့် လင်ကြီးဖြစ်သူကို မုန်းထားတတ်ကြလေသည်။ အကြောင်းမူကား လောက၌ ကျူးလွန်သူက ကျူးလွန်ခြင်းကို ခံရသူအပေါ်၌ မုန်းထားခြင်းသည် ဓမ္မတာသဘောတစ်ခုဖြစ်၏။

အင်မတန်ချစ်ခင်သော သူငယ်ချင်းညီအစ်ကို၊ တူအရီး စသည်တို့ပင်သော်မှ စိတ်မချရ။ ဤအရာမျိုး၌ ဝါသနာပါသူဖြစ်ချေက အစ်ကို၏မယား၊ ညီ၏မယား၊ ချစ်လှသော သူငယ်ချင်း၏မယားကိုပင် မိန်းမက အလိုတူက ဖျက်ဖို့ရန် လွယ်ကူတတ်ကြလေသည်။

အချို့ယောကျ်ားများသည် ပင်ပန်းစွာ မကြံစည်ကြသော်လည်း မိန်းမကလာ၍ စသည့်အခါ၊ မိမိ၏ ဂုဏ်သိက္ခာလည်း မဖျက်လောက်ဟု ယုံကြည်သည့်အခါ၌ မငြင်းမဆန် လိုက်ပါတတ်ကြလေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ အထူးသတိပေးလိုသည်မှာ မိန်းမများအတွက်ဖြစ်၍ မိန်းမများသည် ထိုကဲ့သို့ ပြုကျင့်သည့်အခါ မိမိ၏အပြစ်ကို မိမိနှင့် အပြစ်ပြုဖော်ဘက်မှတစ်ပါး အခြားမည်သူမျှ သိမည်မဟုတ်ဟု တွေးထင်တတ်ကြလေသည်။

သို့တွေးထင်ခြင်းသည် လွန်စွာ မှားလေသည်။ အကြောင်းမူကား ဤလို အမှုမျိုးမှန်က လင်ကြီးပင် သိနှေးသော်လည်း ရပ်ရွာသူ၊ ရပ်ရွာသားတို့သည် အသိမနှေးတတ်ကြချေ။ အကြောင်းမူကား လူတို့၏မျက်စိသည် ဆီလိုအပေါက်ရှာတတ်ကြလေသည်။

**ကြာသမားများသည် လူလစ်သည့်အခါ တိတ်တဆိတ် ဆီအိုး၊ ငါးပိအိုး၊ ထမင်းအိုးကိုဝင်၍ နှိုက်သော ခွေးဝဲစားနှင့်တူလေရာ နောင်သံသရာ၌ ခံရမည့်အရေးကို ထားလိုက်ဦးတော့၊ ဤလောက၌ပင် လွန်စွာရှက်ဖို့ကောင်း၏။**

**သူ့မယားကို ဖျက်ဆီးသူတို့သည် အများအားဖြင့် လင်ကြီးဖြစ်သူကို မုန်းထားတတ်ကြလေသည်။ အကြောင်းမူကား လောက၌ ကျူးလွန်သူက ကျူးလွန်ခြင်းကို ခံရသူအပေါ်၌ မုန်းထားခြင်းသည် ဓမ္မတာသဘောတစ်ခုဖြစ်၏။**

ဥရောပတိုင်းသားများမှာ မယားတစ်ယောက်မှတစ်ပါး အခြားအတိအလင်း၊ အငယ်အနှောင်းယူဖို့ အခွင့်မရှိသဖြင့် ထိုလူမျိုးများမှာ အခြားသူ၏သားမယားကို တစ်ရံတစ်ခါ တပ်မက်မိကြပေလိမ့်မည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမူကား ထိုကဲ့သို့မဟုတ်။ "ယောကျ်ားကောင်း မောင်းမတစ်ထောင်" ဆိုသောစကားရှိလေသည်။ သို့ပါလျက် ယခုကဲ့သို့သော ဥသျှစ်တစ်တင်း၊ နှမ်းတစ်တင်းခေတ်ကြီးမှာ သူတစ်ပါးကွမ်းဖတ်၊ သူတစ်ပါး စားဖတ်၊ ဝါးဖတ်၊ သွားလေ့းကပ်ကိုမှ ရှာကြံလိုက်စားကာ အရသာခံချင်သောသူတို့သည် နောင် သံသရာသို့ မရောက်မီ ဤဘဝမှာပင် ဘေးဒဏ်ခံရတတ်ကြလေသည်။ အများအားဖြင့် မျက်စိဒိဋ္ဌတွေ့ရှိရသည်များကိုထောက်လျှင် အရိပ်ပမာ လိုက်ပါလေ့ရှိသော မကောင်းမှု၏ အပြစ်ဒဏ်သည် နောင်ဘဝအထိ ဆိုင်းငံ့လေ့မရှိ၊ ယခုဘဝမှာပင် အမိအရခံတတ်လေ၏။

"ဥစ္စာယူ၊ လူခိုး" ဟူသော ကိန်းမျိုးကို ဆင်ကာ " ကြာ ...ကြာဦး စကြာ" လုပ်သူတို့မှာမူကား သာ၍ပင် ဘေးဖြစ်လွယ်လေသည်။ အကြောင်းမူကား ၎င်းတို့မှာ ပါးရေကလေးတင်းခိုက်၊ ခါးကလေး တင်းခိုက်မှာသာ ပြောင်ပြောင်လက်လက်နေရတတ်ကြသဖြင့် စီးပွားဥစ္စာကို ရိုးသားစွာရှာကြံခြင်းအလေ့ မရှိကြသောကြောင့် ရုပ်ရည်ကျလျှင် လာဘ်လာဘတိတ်ပြီးလျှင် အိုနာကျိုးကန်းသည့်အခါ ဟိုအရသာကို မဆိုထားဘိ စားချင်သော အစာကလေးများကိုမှ မစားရတတ်ဘဲ အငတ်ငတ်အမွတ်မွတ်ဖြစ်ကာ ဆင်းရဲဒုက္ခနှင့် သေရတတ်သည့်အပြင် ငယ်ငယ်ကကလေးခဲ့သောစိတ်သည် ကြီးလာသောအခါ ဆက်လက်၍ ကလေးတတ်သောကြောင့် လူရေးမပေါက်၊ လူရာမရောက်ဘဲ လူကြီးကလေးဖြစ်ကာ အောက်ကျနောက်ကျ စုတ်စုတ်နုပ်နုပ် နေရတတ်လေသည်။

အချို့သောလူများသည် တမင်သက်သက် တစ်ဖက်သားလင်ကြီးကို မုန်းထားပြီး နာကြည်းအောင် တမင်ကြံလျက် သူ့မယားကိုခိုးပြီးနောက် အရှက်အကြောက်မရှိဘဲ ဘယ်သူ့မယားကို ငါဘယ်တုန်းက ဘယ်လိုသား စသည်ဖြင့် လင်ကြီးမခံချင်အောင် ပြောဆိုတတ်ကြလေသည်။

မြို့တစ်မြို့၌ ထိုကဲ့သို့သော လူငယ်တစ်ယောက်ရှိကြောင်း ကြားသိရလေသည်။ ထိုလူမျိုးသည် အလွန်တစ်ရာ အသက်တိုလွယ်သော လူမျိုးဖြစ်လေ၏။

ဗန္ဓုလ၊ ၁၁ ရက်၊ မေလ၊ ၁၉၂၇ ခုနှစ်။

# တွေ့တွေ့ချင်း သဘောကျစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

(၂၁-၁၀-၂၀၂၅ ရက်နေ့မှအဆက်)

မစ္စတာအိစမင်းက "ခင်ဗျားပြောမှပဲ ကျွန်တော် သတိရတော့တယ်။ ဒီရုံးခန်းဟာ သိပ်လှတာပေါ့၊ မဟုတ်ဘူးလား။ စဆောက်တုန်းက ကျွန်တော် သိပ်သဘောကျတာပဲ။ ဒါပေမဲ့ ကျွန်တော်လုပ်စရာတွေက များလာတော့ တစ်ခါတလေများ ရုံးခန်းကို မော့တောင်မကြည့်မိပါဘူး"

အဒမ်ဆင်က ရုံးခန်းကို လျှောက်ကြည့်ပြီး သစ်သားနံရံတစ်ချပ်ကို လက်ဖြင့် ပွတ်ကြည့်လိုက်သည်။ "ဒီအသားဟာ အီတလီကလာတဲ့ သစ်သားမဟုတ်ဘူး။ အင်္ဂလန်ကလာတဲ့ အသားမဟုတ်လား။ အသားချင်း နည်းနည်းလေးကွာတယ်"

"ဟုတ်တယ်၊ အင်္ဂလန်က သွင်းလာတာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရွေးပေးထားတာလေ"

ထို့နောက် အိစမင်းက အခန်းကို လှည့်ပတ်ပြသည်။ အချိုးအစားတွေ၊ အရောင်အသွေးတွေ၊ လက်မှုအနုပညာပစ္စည်းတွေကို ဝေဖန်ပြသည်။ သူ့လက်ရာတွေကို ရှင်းပြသည်။

အခန်းထဲ လျှောက်လှည့်ပြကာ သစ်သားထည်တွေကို ချီးကျူးရင်း ပြတင်းပေါက်တစ်ခုအနား ရောက်သွားကြသည်။ ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော တက္ကသိုလ်များ၊ ဆေးရုံများ၊ ကလေးဆေးရုံတို့ကို လက်ညှိုးထိုးပြကာ ရပ်ရေး၊ ရွာရေး၊ လူမှုရေးအတွက် သူအလှူဒါနပြုပုံများကို ပြောပြသည်။ လူသားတို့ ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများမှသက်သာရန် အိစမင်း၏ကြိုးစားအားထုတ်မှုများကို မစ္စတာအဒမ်ဆင်က ဂုဏ်ပြုချီးကျူးစကားဆိုသည်။ ထို့နောက် ဂျော့ချ်အိစမင်းက မှန်ဗီရိုတစ်ခုကိုဖွင့်ကာ အင်္ဂလိပ်လူမျိုးတစ်ယောက်ထံမှ ဝယ်ယူခဲ့ပြီး သူ ပထမဆုံးပိုင်ဆိုင်ခွင့်ရသော ပထမဆုံး ကင်မရာကို ထုတ်ပြသည်။

သူငယ်ငယ်က လုပ်ငန်းကို စတင်တည်ထောင်နိုင်ရန် ကြိုးပမ်းခဲ့ရပုံများကို အဒမ်ဆင်က ရှည်ရှည်ဝေးဝေး မေးမြန်းကြည့်သည်။ ထိုအခါ မစ္စတာအိစမင်းက သူငယ်ငယ်ဘဝတွင် ဘယ်လိုဆင်းရဲခဲ့ကြောင်း၊ မိခင်မုဆိုးမကြီးက ဘော်ဒါဆောင်ဖွင့်ပြီး သူက အာမခံစာရေးလုပ်ကာ ငွေရှာခဲ့ရကြောင်းတွေကို ခံစားချက်အပြည့်ဖြင့် ပြောပြသည်။ နေ့ရောညပါ ဆင်းဆင်းရဲရဲနေရသဖြင့် သူ့မိခင် အလုပ်မလုပ်ရစေရန် ငွေရှာမှုဖြစ်မည်ဟု သန္နိဋ္ဌာန်ချခဲ့ကြောင်း ပြောပြသည်။ မစ္စတာ အဒမ်ဆင်က မေးခွန်းတွေမေးလိုက်၊ နားထောင်လိုက်၊ ဓာတ်ပုံကော်ပြားတွေ၊ ဖလင်တွေအကြောင်းကိုလည်း ပြောပြသည်။ ဓာတ်ခွဲခန်းထဲ၌ တစ်နေ့လုံး အလုပ်လုပ်ရပုံ၊ တစ်ခါတစ်ရံ ညဘက်ပါ အလုပ်ဆင်းရပုံ၊ သုံးရက်ဆက်တိုက် အလုပ်လုပ်ရပြီး တစ်မှေးလောက်သာ မှေးရပုံတွေ ပါမကျန်။

ဂျိမ်းမ်စ်အဒမ်ဆင်သည် မစ္စတာအိစမင်း၏ ရုံးခန်းထဲဝင်လာစဉ်က ၁၀ နာရီ ၁၅ မိနစ်ဖြစ်ပြီး ၅ မိနစ်ထက် ပိုမကြာစေဖို့ သူ့ကို သတိပေးထားခဲ့သည်။ သို့သော် ကြာလို့ကြာမှန်းပင် မသိလိုက်ရဘဲ နှစ်နာရီ ကုန်သွားသည့်တိုင် စကားလက်ဆုံပြောလို့ မကုန်ကြသေး။

နောက်ဆုံးတွင် ဂျော့ချ်အိစမင်းက အဒမ်ဆင်ဘက်လှည့်ပြီး "အရင်တစ်ခေါက် ဂျပန်ရောက်တုန်းက ကျွန်တော် ကုလားထိုင်တချို့ ဝယ်လာတယ်၊ ဆင်ဝင်အောက်မှာ ထားလိုက်တာနဲ့ အရောင်တွေ ပျက်ကုန်တယ်။ ဒါနဲ့ တစ်နေ့က မြို့ထဲသွားဆေးဝယ်ပြီး ကိုယ့်ဘာသာကိုယ် ဆေးသုတ်လိုက်တာ။ ကျွန်တော်ဆေးသုတ်ထားတာ ဘယ်လောက်ကောင်းတယ်ဆိုတာ ခင်ဗျားကြည့်ဦးမလား။ အိမ်လိုက်နေ့လယ်စာစားဗျာ။ ကျွန်တော် ခင်ဗျားကိုပြမယ်"

နေ့လယ်စာစားပြီးနောက် သူကိုယ်တိုင် ဆေးသုတ်ထားသော ကုလားထိုင်တွေကို ပြသည်။ ထိုကုလားထိုင်များမှာ ဒေါ်လာအနည်းငယ်မျှသာ တန်သည်။ သို့သော် သူကိုယ်တိုင်ဆေးသုတ်ထားသော ကုလားထိုင်များဖြစ်သဖြင့် ထိုကုလားထိုင်တွေအတွက် သန်းကြွယ်သူဌေးကြီးက အကြီးအကျယ် ဂုဏ်ယူနေသည်။

ထိုင်ခုံများ ပေးသွင်းရန် ဒေါ်လာ ကိုးထောင်ကျော်ဖိုးမှာယူခံရသည်။ ထိုအမှာစာကို ဂျိမ်းစ်အဒမ်ဆင် ရတယ်ထင်သလား။ အခြား သူ့ပြိုင်ဘက်တစ်ယောက်ယောက်က ရသွားတယ်ထင်ပါသလား။

မစ္စတာ အိစမင်း ကွယ်လွန်ချိန်အထိ သူတို့သည် ရင်းနှီးသော မိတ်ဆွေအရင်းအချာများ ဖြစ်သွားကြသည်။

ပြင်သစ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ပိုင်ရှင်ကလည်း ဤနည်းကို အသုံးပြုကာ အချက်အချာကျသည့် ဝန်ထမ်းတစ်ယောက် ထွက်သွား၍ စားသောက်ဆိုင် ပိတ်ရမည့်အခြေအနေကို ရှောင်လွှဲနိုင်ခဲ့သည်။ ထိုအမျိုးသမီးသည် ပိုင်ရှင်နှင့် အလုပ်သမားတို့အကြားတွင် အရာရောက်သည့် အချိတ်အဆက်တစ်ခုဖြစ်ကာ ငါးနှစ်ကြာ အမှုထမ်းခဲ့သည်။ ဝန်ထမ်း ၂၁ ယောက်ကို သူကတစ်ဆင့် အုပ်ချုပ်ရသည်။ တစ်ရက်တွင် သူ နုတ်ထွက်ခွင့်တောင်းသောစာကို ပိုင်ရှင်ရသည့်အခါ အလန့်တကြား ဖြစ်သွားသည်။

ပိုင်ရှင်ခမျာ အံ့အားသင့်၊ စိတ်လည်းပျက်သွားသည်။ သူ့အပေါ်မတရားတာ မလုပ်မိဟု ထင်သည်။ သူလိုအပ်သမျှကိုလည်း ဖြည့်စွမ်းခဲ့သည်။ ဝန်ထမ်းတစ်ယောက်လိုသာမက မိတ်ဆွေတစ်ယောက်လိုပါ ဖြစ်နေသဖြင့် အမှတ်တမဲ့ အလုပ်ပိုခိုင်းမိကောင်းခိုင်းမိခြင်း ဖြစ်နိုင်သည်။

ပိုင်ရှင်က သူ့ကို ခေါ်လိုက်ပြီး အကြောင်းပြချက်မပါဘဲ သူ၏နုတ်ထွက်စာကို လက်မခံနိုင်ကြောင်း၊ သူ့အတွက်ရော ကုမ္ပဏီအတွက်ပါ သူမရှိလျှင်မဖြစ်ကြောင်း၊ စားသောက်ဆိုင်၏ အောင်မြင်မှုသည်လည်း သူ့အပေါ်၌ မူတည်နေကြောင်း ဝန်ထမ်းများအားလုံးရှေ့တွင် ပြောပြလိုက်သည်။


ထိုမျှသာမကသေး၊ အိမ်ကိုပါခေါ်သွားပြီးနောက် မိသားစုရှေ့တွင်ပင် သူ့ကို ယုံကြည်စိတ်ချမှုအပြည့်ရှိကြောင်း ပြောပြလိုက်သည်။ အမျိုးသမီးက ထိုအခါကျမှ နုတ်ထွက်စာကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး ယခင်ကထက် ပို၍ အားကိုးအားထားပြုနိုင်တော့သည်။ ဤကိစ္စဖြစ်ပြီးနောက်တွင် ပိုင်ရှင်သည် သူလုပ်သမျှ အသိအမှတ်ပြုချီးကျူးကြောင်း၊ ၎င်း၏ဆိုင်အတွက် သူဘယ်လောက်အရေးပါကြောင်း မကြာခဏဆိုသလို ပြောဆိုသည်။

ဗြိတိသျှအင်ပါယာကြီးကို ကျွမ်းကျင်နိုင်နင်းစွာ အုပ်ချုပ်သွားခဲ့သော ဝန်ကြီးချုပ် ဒစ္စရေလီက **"လူတွေကို သူတို့အကြောင်းတွေသာ ပြောပြ၊ နာရီပေါင်းများစွာ မငြီးမငွေ့ နားထောင်ကြလိမ့်မည်"**ဟု ပြောခဲ့သည်။

**အခြားသူအနေဖြင့် သူ့ကိုယ်သူ**
**အရေးပါသည်ဟုထင်အောင်**
**ရိုးရိုးသားသား လုပ်ပေးပါ။** ။

# သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု (၄)

**နီဇော်သစ်**



စပိန်နိုင်ငံရေးဒဿနပညာရှင် မန်နျူရယ် ကက်စ်တဲလ်၏ “ပါဝါဆိုတာ ဆက်သွယ်ရေးအဆောက်အအုံကို ပုံဖော်နိုင်စွမ်းဖြစ်တယ်” ဆိုသည့် အရေးအသားမှာ နာမည်ကျော်သည်။ စက်မှုခေတ်က ပါဝါသည် အစိုးရ၊ နိုင်ငံရေးပါတီများ၊ ရုပ်သံ သတင်းဌာနများနှင့် ကော်ပိုရိတ် လူ့မလိုင်များဆိုပြီး အဆင့်ဆင့် စီးဆင်းသည်။ သူတို့က တစ်ဖြောင့်တည်း စီးဆင်းသော သတင်းအချက်အလက်များကို ထိန်းချုပ်ပြီး အများပြည်သူဘဝတို့၏ ‘တရားဝင် အမှန်တရား’ ကို ဖော်ဆောင်သည်။

သတင်းနည်းပညာ ဖွံ့ဖြိုးတိုးတက်လာပြီးနောက် အဆိုပါတစ်ကြောင်းဆွဲ သတင်းလမ်းကြောင်းမှာ တစ်စတစ်စ ပုံပျက်လာ၏။ ဒစ်ဂျစ်တယ်ကွန်ရက်တို့သည် အထက်အောက် မိုဒယ်ကို စတင်တိုက်စားသည်။ အစပိုင်းတွင် အင်တာနက်၊ နောက်ပိုင်းတွင် အင်တာနက်အခြေပြု လူမှုမီဒီယာများမှတစ်ဆင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် မည်သည့် အဖွဲ့အစည်း၏ ကြားဝင်စွက်ဖက်မှုကိုမှ မခံရဘဲ ထုတ်ဝေခွင့်ရလာသည်။ အဖွဲ့လိုက် စုစည်းလာနိုင်သည်။ အဖွဲ့လိုက် ရွေ့လျားလာနိုင်သည်။ ဤနေရာ၌ လွတ်လောက်မည့် လှုပ်ရှားမှုများကိုရွေးပြီး ဥပမာပေးရလျှင် Occupy Wall Street လို၊ #MeToo လို လှုပ်ရှားမှုများဖြစ်သည်။

ရုတ်တရက်ကြည့်လိုက်လျှင် ထိုပါဝါ၌ ဗဟိုချက်မရှိဟု ယူဆစရာရှိသည်။ သို့သော် ထိုသို့ ပြီးပြည့်စုံခြင်းမျိုးဆိုသည်မှာမရှိ။ အများဂရုစိုက်မှုသည်ပင်လျှင် စီးပွားရေးဖြစ်ရာ ကိုယ်ပိုင်မညီမျှမှုများရှိနေသည်။ အင်တာနက်နှင့် လူမှုကွန်ရက်များထဲတွင် အဖွဲ့အစည်းလိုက် ဝင်ရောက်စွက်ဖက်မှုမျိုးမရှိသလောက်နည်းသည့်တိုင် နောက်ကွယ်တွင် အယ်လ်ဂိုရစ်သမ်များက ထိန်းချုပ်ထားသည်။ ထိုအယ်လ်ဂိုရစ်သမ်များက သန်းပေါင်းထောင်နှင့်ချီသော လူတို့၏အကြားအမြင်ကို ထိန်းချုပ်ထားသည်။ ထိုအယ်လ်ဂိုရစ်သမ်များကို စုစည်းပြီး ပလက်ဖောင်းများဟု ခေါ်ဆိုနိုင်သည်။ ထိုပလက်ဖောင်းများတွင် ပိုင်ရှင်ရှိသည်။ ထိုပိုင်ရှင်များသည် သန်းပေါင်းထောင်နှင့်ချီသော လူတို့၏ အကြားအမြင်ကို ထိန်းချုပ်နိုင်သော မမြင်ရသည့်အုပ်ချုပ်သူများ ဖြစ်မှန်းမသိဖြစ်လာသည်။ ထို့ကြောင့် သတင်းနည်းပညာသည် လူအများထံသို့သာ နိုင်ငံရေးပါဝါ ပြန်လည်ဖြန့်ဝေပေးသည်မဟုတ်။ ပလက်ဖောင်းပိုင်ရှင်များသည် ပါဝါအများဆုံးရရှိသူများဖြစ်လာသည်။ ကက်စ်တဲလ်ကပင်လျှင် “အခုအချိန်မှာတော့ ပါဝါဟာ လူမှုဆက်သွယ်ရေးကုဒ်တွေပေါ်မှာ တည်နေပြီ” ဟု မှတ်ချက်ပြုထားသည်။ ထိုကုဒ်များကို တိုင်းပြည်နိုင်ငံအစိုးရများက ပိုင်ဆိုင်သည်မဟုတ်။ ကော်ပိုရေးရှင်းကြီးများက ပိုင်ဆိုင်သည်။

အင်တာနက်နှင့် လူမှုမီဒီယာများ တစ်ရှိန်ထိုးတိုးတက်လာချိန်တွင် သန်းပေါင်းထောင်နှင့်ချီသော လူတို့၏ အချက်အလက်များသည် ခေတ်အခေါ် လိုင်းပေါ်သို့ ရောက်လာသည်။ ထိုအချက်အလက်များကို စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ငွေဖြစ်အောင်လုပ်ခြင်းတို့သည် ယနေ့ခေတ် ဒစ်ဂျစ်တယ်ကော်ပိုရေးရှင်းကြီးများ၏ အဓိကငွေဝင်ပေါက်ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ထိုအချက်အလက်တို့သည် တိုင်းပြည်နိုင်ငံ အစိုးရတို့အတွက်လည်း အလွန်အရေးပါလျက်ရှိသည်။ အစိုးရတို့က စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် အုပ်ချုပ်ခြင်းတို့ကို လုပ်ဆောင်ရန်လိုအပ်သည်။ ထိုအချက်အလက်တို့၏ ကြိုတင်ခန့်မှန်းစေနိုင်ခြင်းနှင့် လူတို့၏ အမူအကျင့်တို့အပေါ် လွှမ်းမိုးနိုင်ခြင်းတို့က စီးပွားရေးအရရော နိုင်ငံရေးအရပါ ကြီးမားသောပါဝါတစ်ခုကို ဖြစ်စေသည်။ သဘာဝချင်းတူသည့်အတွက် အစိုးရများနှင့် ကော်ပိုရေးရှင်းကြီးများအကြား အချက်အလက်ရယူရေးအတွက် အားပြိုင်မှုများကိုပါ မြင်တွေ့လာရသည်။ ထိုအကြောင်းကို နိုင်ငံရေးဒဿနပညာရှင် ဆိုရှာနာ ဇူဘော့ဖ်၏ ၂၀၁၉ ခုနှစ်ထုတ် The Age of Surveillance Capitalism ဆိုသည့် စာအုပ်တွင် တော်တော်လေးကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ထားသည်။


ထိုစာအုပ်ခေါင်းစဉ်မှာပင် စောင့်ကြည့်ခြင်းဟု ဆိုနိုင်သည့် Surveillance ဆိုသည့် စကားလုံးကို တွေ့မြင်နိုင်သည်။ ယင်းမှာ ယနေ့ခေတ်အစိုးရနှင့် ကော်ပိုရေးရှင်းကြီးများ လုပ်နေသည့်ကိစ္စဖြစ်သည်။ အစိုးရတို့က အုပ်ချုပ်ရေး၊ ရဲလုပ်ထုံး၊ လူမှုရေး စီမံခန့်ခွဲမှုများအတွက် စောင့်ကြည့်ရန်လိုအပ်သည်။ ကော်ပိုရေးရှင်းများက ကြော်ငြာနှင့် ဩဇာလွှမ်းမိုးမှုတို့အတွက် စောင့်ကြည့်ရန်လိုအပ်သည်။ လက်ရှိအချိန်တွင် အစိုးရနှင့် ကော်ပိုရေးရှင်းတို့၏ စောင့်ကြည့်မှုနယ်ခြားစည်းမှာ မှုန်ဝါးလာပြီဟု ပညာရှင်များက သုံးသပ်သည်။ တစ်ချိန်က အချုပ်အခြာအာဏာပိုင်နယ်မြေနှင့် ဥပဒေစိုးမိုးမှုတို့အပေါ်တွင် အခြေစိုက်သော နိုင်ငံရေးပါဝါသည် ယခုအချိန်တွင် ကျယ်ပြန့်သော သတင်းအချက်အလက် ဂေဟစနစ်များထဲတွင် ထွန်ယက်စိုက်ပျိုး သီးပွင့်အောင်လုပ်နိုင်သည့် စွမ်းရည်ပေါ်တွင်ပါ အခြေစိုက်လာရသည်။ ကျွန်တော်တို့ခေတ်၏ နာမည်ကျော် စာရေးဆရာ ယူဗယ် နိုအာ ဟာရာရီက ၂၀၁၈ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် “၂၁ ရာစုမှာ အချက်အလက်ကို ထိန်းချုပ်တဲ့သူက အနာဂတ်ကို ထိန်းချုပ်မှာ။ မြေနဲ့ စက်တွေကို ထိန်းချုပ်တဲ့သူတွေ မဟုတ်တော့ဘူး”ဟု ပြောဖူးသည်။

တိုင်းပြည်နိုင်ငံများအကြားတွင်လည်း သတင်းနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုက သိသာထင်ရှားသည်။ အမေရိကန်ပြည်ထောင်စုသည် ဆော့ဖ်ဝဲ၊ ကလောက်ပလက်ဖောင်းများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းဒီဇိုင်းများ၌ ဦးဆောင်မှုကို ဆက်ထိန်းထားသည်။ တရုတ်နိုင်ငံက ပဉ္စမမျိုးဆက် အခြေခံအဆောက်အအုံများ၊ အီး–ကောမာ့စ်နှင့် စောင့်ကြည့်ရေးနည်းပညာများတွင် ဦးဆောင်သည်။ သတင်းအချက်အလက်က နိုင်ငံရေးပါဝါကို ဖြစ်တည်လာစေသည့် အနေအထားတွင် ထိုသို့ ဦးဆောင်နိုင်စွမ်းမရှိသော နိုင်ငံများအကြား ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာနှင့် နည်းပညာ အမျိုးသားရေးဝါဒဆိုသော သဘောတရားများ ထွန်းကားလာခဲ့သည်။

သမိုင်းတစ်လျှောက် အမေရိကန်ပလက်ဖောင်းများကို မှီခိုခဲ့သော ဥရောပသည် ကိုယ်ပိုင်ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာကို တည်ဆောက်ရန် ကြိုးစားလာသည်။ ဂျီဒီပီအာရ်ဟု အတိုကောက်ခေါ်သည့် အထွေထွေအချက်အလက် ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းသည်။ အလားတူ တစ်ချိန်က နည်းပညာလောကကို ဦးဆောင်မှုတစ်နေရာရခဲ့သော်လည်း ယနေ့အချိန်တွင် ထိုင်ဝမ်နှင့် တောင်ကိုရီးယားကို ဖယ်ပေးထားရသည့် ဂျပန်ကလည်း ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာပိုင်ဖြစ်အောင် ကြိုးစားနေသည်။ အလားတူ ကြိုးစားမှုများထဲတွင် အရှေ့တောင်အာရှမှ ဗီယက်နမ်နိုင်ငံလည်း ပါဝင်သည်ကို တွေ့ရသည်။ ထိုသို့ ကြိုးစားအားထုတ်မှုများကိုပင် နည်းပညာအမျိုးသားရေးဝါဒဟု ခေါ်ကြခြင်းဖြစ်သည်။

ဤနေရာတွင် ကမ္ဘာ့နိုင်ငံများ၏ အတွင်းဘက်လှည့်မှုကို မြင်တွေ့လာရသည်။ ကျွန်တော် အကြိမ်ကြိမ်ပြောခဲ့သလို ပလက်ဖောင်းတစ်ခုအောက်သို့ဝင်လိုက်သော လူတစ်ယောက်သည် ထိုပလက်ဖောင်းကိုပိုင်ဆိုင်သော ကော်ပိုရေးရှင်း၏ နိုင်ငံသားဖြစ်သွားသည်။ သူ့အချက်အလက်များကို ကော်ပိုရေးရှင်းက ပိုင်သွားသည်။ လူမှုကွန်ရက်လို ပလက်ဖောင်းမျိုးဆိုလျှင် ထိုပလက်ဖောင်းပေါ်၌ ကိုယ်ရေးနေသည့် အကြောင်းအရာနှင့် အရေးအသားတို့ကို မူတည်ပြီး ကိုယ်ဘယ်လိုတွေးသလဲ ဆိုသည်ကိုပင် သိနိုင်စွမ်းရှိသည်။ ယင်းမှာ နယ်မြေနှင့် ဥပဒေစိုးမိုးရေးတို့ကို ပိုင်ဆိုင်သော အစိုးရတို့၌ပင် ရှိမထားသောပါဝါမျိုးဖြစ်နေသည်။ ထို့ကြောင့် ထိုအချက်အလက်များကို ကော်ပိုရေးရှင်းတို့က ကြော်ငြာနှင့် လွှမ်းမိုးမှုအတွက်သာ သုံးသည်လား။ သို့မဟုတ် ကော်ပိုရေးရှင်းတို့ အခြေတည်သည့် နိုင်ငံအစိုးရများက နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ယူသုံးနိုင်လားဆိုသည်မှာ သတင်းနည်းပညာ ခေတ်နှောင်းပိုင်းတွင် တိုင်းပြည်နိုင်ငံအစိုးရတို့အတွက် စိုးရိမ်စရာကိစ္စဖြစ်လာသည်။ ထို့ကြောင့်လည်း အတွင်းဘက်သို့ ပြန်လှည့်ကြရခြင်းဖြစ်သည်။ ကိုယ့်နိုင်ငံသားတို့ ကိုယ့်နိုင်ငံက ပိုင်ဆိုင်သည့် ပလက်ဖောင်းပေါ်တွင် ရှိနေခြင်းသည်သာလျှင် နိုင်ငံ၏ အချုပ်အခြာအာဏာအတွက် စိတ်ချရမည် ဆိုသည့် အမြင်မျိုးဖြစ်သည်။ ထို့ကြောင့် သတင်းနည်းပညာသည် အစပိုင်းနှင့် အလယ်ပိုင်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းကို အားပေးသည့်ပုံစံ မြင်တွေ့ခဲ့ရသော်လည်း နှောင်းပိုင်းတွင်မူ နည်းပညာ အမျိုးသားရေးဝါဒတို့ကို ပေါ်ထွက်လာစေခဲ့သည်ဟု ဆိုနိုင်ပါသည်။

## အဆိပ်အတောက်များကို သံအဖြစ်ပြောင်းပြီး ကမ္ဘာကို သန့်ရှင်းပေးနေသည့် အဏုဇီဝများ တွေ့ရှိ



အပြည်ပြည်ဆိုင်ရာ သုတေသီအဖွဲ့တစ်ဖွဲ့က ကမ္ဘာမြေပေါ်မှ အဆိပ်ရှိသော ဆာလ်ဖိုက်များကို ဓာတ်တိုးစေခြင်းဖြင့် ဖယ်ရှားပေးပြီး သံအဖြစ် ရှူထုတ်ပေးသော အဏုဇီဝတစ်မျိုးကို တွေ့ရှိခဲ့ကြသည်။

အဆိုပါ သုတေသီအဖွဲ့ကို ဗီယင်နာတက္ကသိုလ်မှ အဏုဇီဝပညာရှင်များဖြစ်ကြသော မာ့ခ် မူဆမန်နှင့် အလက်ဇန္ဒားလွိုင်းတို့က ဦးဆောင်ခဲ့သည်။ သူတို့တွေ့ရှိသော ဗက်တီးရီးယားမှာ ယခင်က တွေ့ဖူးခြင်းမရှိသေးပေ။ သူတို့အဖွဲ့က ဟိုက်ထရိုဂျင်ဆာလ်ဖိုက်နှင့် သံသတ္တုရိုင်းတို့ကြားမှ ဓာတ်ပြုမှုသည် ဓာတုနည်းသက်သက်မဟုတ်ဘဲ ဇီဝနည်းပါ ပါဝင်သည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နုန်းမြေများနှင့် စိမ့်မြေများတွင် ပေါက်ပွားသော အဆိုပါ အဏုဇီဝများသည် သူတို့ပတ်ဝန်းကျင်ရှိ အန္တရာယ်ဖြစ်စေသော ဆာလ်ဖိုက်များကိုစားသုံးပြီး ကြီးထွားအောင်လုပ်ကြခြင်းဖြစ်သည်။ ထိုအဏုဇီဝများကို သုံးပြီး အောက်ဆီဂျင်မထွက်သော သမုဒ္ဒရာများနှင့် ရေကန်များကို သဘာဝနည်းဖြင့် ပြုပြင်နိုင်ရန် မျှော်လင့်ထားသည်။

ကမ္ဘာပေါ်တွင် ကာဗွန်၊ နိုက်ထရိုဂျင်၊ ဆာလ်ဖာနှင့် သံတို့ကဲ့သို့သော ဒြပ်စင်များ၏ စနစ်ကို ဇီဝဘူမိဓာတု သံသရာတို့က ထိန်းချုပ်ထားသည်။ ထိုသံသရာတို့သည် ဓာတ်တိုးခြင်းနှင့် ဓာတ်လျှော့ခြင်းတို့ကို သုံးပြီး အဆိုပါဒြပ်စင်တို့ကို လေထု၊ သမုဒ္ဒရာများ၊ မြေကြီး၊ ကျောက်တုံးများနှင့် သက်ရှိများဆီသို့ ထုတ်လွှတ်ပေးသည်။ ဖန်လုံအိမ်ဓာတ်ငွေ့တို့ကို ထိန်းချုပ်ပေးပြီး ကမ္ဘာကြီး၏ ရာသီဥတုတို့ကို ထိန်းသိမ်းပေးနေသော သဘာဝဖြစ်စဉ်များလည်း ဖြစ်သည်။

“သဘာဝ ပတ်ဝန်းကျင်ထဲမှာ အရေးကြီးတဲ့ ဓာတ်တိုးဓာတ်လျှော့ ဓာတ်ပြုမှုတွေဟာ ဓာတုနည်းသက်သက် မဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ ပြနိုင်ခဲ့ပါတယ်။ အဏုဇီဝ ပိုးမွှားတွေက သူတို့ ရှင်သန်ကြီးထွားဖို့အတွက် အဲဒီဓာတုပစ္စည်းတွေကို စားသုံးကြပါတယ်”ဟု အလက်ဇန္ဒားလွိုင်းက ရှင်းပြသည်။

သူတို့တွေ့ရှိသော အဏုဇီဝမှာ သံအောက်ဆိုက်ကို ဓာတ်လျှော့ပြီး ဆာလ်ဖိုက်ကို ဓာတ်တိုးသည့် လုပ်ငန်းစဉ်နှစ်ရပ်ကို တစ်ပြိုင်နက် လုပ်ဆောင်ခြင်းဖြစ်သည်။ ဓာတုဓာတ်ပြုမှုများလိုမဟုတ်ဘဲ ဆာလ်ဖာသံသရာထဲမှ ကြားအဆင့်များကို ကျော်လွှားပြီး ဆာလ်ဖိတ်များ တိုက်ရိုက်ထွက်လာသည်ဟုလည်းဆိုသည်။

Ref: Scitechdaily

# အောင်ပွဲရ ကရင်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြု




ဘားအံ အောက်တိုဘာ ၂၆

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကရင်ပြည်နယ်လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်းသည် အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံများနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ဆရာဆရာမများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သံလွင်တံတားအဆင်း ဘားအံမြို့အဝင်မုခ်ဦးရှေ့၌ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ အားကစားသမားများအား ပန်းကုံးစွပ်၍ အောင်သပြေခက်ကမ်းပြီး ဂုဏ်ပြုကြိုဆိုခဲ့ကြကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အနိုင်ရဗိုလ်စွဲသွားသော ကရင်ပြည်နယ် အမျိုးသမီး ဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ အောင်ပွဲရအားကစား ဘောလုံးအသင်းက တံခွန်စိုက်ဆုဖလားကို အပ်နှံပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ဘောလုံးအားကစား ဝါသနာရှင်များက အောင်ပွဲရ ကရင်ပြည်နယ်အမျိုးသမီး ဘောလုံးအသင်းအတွက် စုစုပေါင်း ငွေကျပ် ၆၈၅ သိန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံ ဂုဏ်ပြုချီးမြှင့်ကြသည်။

ယင်းနောက်ပြည်နယ်အမျိုးသမီးဘောလုံးအသင်း အုပ်ချုပ်သူနော်ဩလျှဖောက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသောညနေစာကို အတူတကွ သုံးဆောင်ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




## ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် အစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျောက်တံတားမြို့နယ် (၃၆)လမ်းအထက်ရှိ ဗုဒ္ဓဝေယျာဝစ္စကျောင်း၌ ကျင်းပသည်။

ဦးစွာ သဘာပတိအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းသမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးတိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းစုဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဒုတိယဥက္ကဋ္ဌ(၁) ဦးဘုန်းမြင့်က လည်းကောင်း၊ အစီရင်ခံစာအား စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးကျော်ရွှေက လည်းကောင်း ဖတ်ကြားတင်ပြရာတွင် အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကိုရယူ၍ အတည်ပြုကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အဆင့် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အဆင့်မြင့်ပညာ ဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။

တက္ကသိုလ်ပေါင်းစုံ(အမျိုးသား) အုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိတက္ကသိုလ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် မကွေးဇုန်အသင်းနှင့် တောင်ကြီးဇုန် အသင်းပွဲစဉ်တွင် တောင်ကြီးဇုန်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

တက္ကသိုလ်ပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်း၊ ပုသိမ်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့၏ ပွဲစဉ်များကို အောက်တိုဘာ ၃၀ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင် လည်းကောင်း နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော် ဇေယျာသီရိ ဘောလုံးကွင်း၌ တက္ကသိုလ်ပေါင်းစုံ(အမျိုးသမီး) ဘောလုံးပြိုင်ပွဲတတိယနေရာလုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့၏ ပွဲစဉ်ကို အောက်တိုဘာ ၃၁ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ပုသိမ်ဇုန်အသင်းနှင့် နေပြည်တော်ဇုန်အသင်းတို့၏ ပွဲစဉ်ကို နိုဝင်ဘာ ၃ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## AFC Challenge League ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စု(E) ပထမနေ့ကို အောက်တိုဘာ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းက မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမား ခြောက်ဦးအထိ ပါဝင်ခဲ့ပြီး ကျော်ဇင်ဖြိုး၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ ခွန်ကျော်ဇင်ဟိန်း၊ မြတ်ကောင်းခန့်တို့ ပါဝင်လာသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် နစ်နာခဲ့ရသည်။ ထို့ကြောင့် ပထမပိုင်းပြီးခါနီးတွင် တိုင်နန်စီးတီးအသင်းက လေးမိနစ်အတွင်း နှစ်ဂိုးသွင်းယူခဲ့ပြီး ၃၉ မိနစ်တွင် ဆက်ခိုနှင့် ၄၃ မိနစ်တွင် ဂိုရီတို့က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးရရှိရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၉ မိနစ်တွင် နောက်ခံလူ ရဲမင်းသူက ချေပဂိုးတစ်ဂိုးပြန်သွင်းသည်။ သို့သော် လက်ကျန်မိနစ်များတွင် ချေပဂိုးထပ်မံရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသဖြင့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၉ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ချစ်ကိုကို**

❃ **အာဆင်နယ်အသင်းမှ**

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၉)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဒုတိယနေရာက ဘုန်းမောက်အသင်းကို လေးမှတ်ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၁၀) နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

အောက်တိုဘာ ၂၆ ရက်ညပိုင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ ဘုန်းမောက်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘန်လေအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုး စသည်ဖြင့် အသီးသီး အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

❃ **ကျောဖုံးမှ**

အိုဆာကာတက္ကသိုလ်အသင်းနှင့်ပွဲတွင် တစ်ဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၂၅ ရက်က ကစားသည့် ကန်ဆိုင်းတက္ကသိုလ်အသင်းနှင့် ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကူနိုချီအသင်းနှင့် သရေကျသည့် ပွဲတွင် နှင်းပွင့်အေးက ဂိုးသွင်းပြီး အနိုင်ရသည့် နှစ်ပွဲစလုံးတွင် အိသက်ဖြိုးက အနိုင်ဂိုးများ သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်သို့ ကစားသမား ၂၆ ဦးခေါ်ဆောင်သွားပြီး ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာမူ မလေးရှားကလပ် ဆာဘားအသင်းတွင် ကစားနေသဖြင့် လိုက်ပါနိုင်ခြင်းမရှိဘဲ ဆီးဂိမ်းပြိုင်ပွဲမှသာ ပူးပေါင်းနိုင်မည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

# အင်တာမီလန်အသင်းကို အနိုင်ရပြီး လက်ရှိချန်ပီယံနာပိုလီအသင်း အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်တက်လှမ်း

လက်ရှိအီတလီစီးရီးအေချန်ပီယံ နာပိုလီအသင်းဟာ အောက်တိုဘာ ၂၅ ရက်ညပိုင်းက အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

**သွင်းယူ**

နာပိုလီအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်မှာ နာပိုလီအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ ဒီဘရိုင်းက ပင်နယ်တီကနေ တစ်ဂိုး၊ ၅၄ မိနစ်မှာ အမ်တွန်မီနေးက တစ်ဂိုးနဲ့ ၆၆ မိနစ်မှာ အန်ဂွစ်ဆာက တစ်ဂိုး သွင်းယူပေးခဲ့ကာ အင်တာမီလန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကိုတော့ ၅၉ မိနစ်မှာ ကာဟာနော့ဂ်လူးက ပင်နယ်တီကနေတစ်ဆင့် သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ အမ်တွန်မီနေးဟာ ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကလည်း ရာသီအပိတ်ပွဲစဉ်မှာ ဂိုးသွင်းယူပေးခဲ့ပြီး နာပိုလီအသင်းကို အီတလီစီးရီးအေဖလား လေးကြိမ်မြောက် ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒီဘရိုင်းကတော့ မန်စီးတီးအသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက် နာပိုလီအသင်းနဲ့အတူ ရှစ်ပွဲမှာ လေးဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နာပိုလီအသင်းဟာ အင်တာမီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေပွဲစဉ်(၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၈ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေပြီး အင်တာမီလန်အသင်းက ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၄)နေရာမှာရပ်တည်နေတာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ နာပိုလီအသင်းဟာ ဇယားထိပ်မှာဦးဆောင်နေပေမယ့် ရိုးမားအသင်း ပွဲစဉ်(၈)မှာ ဆာဆူအိုလိုအသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် နာပိုလီအသင်းနဲ့ ရမှတ်တူအနေအထားကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။





- မန်ယူအသင်းဟာ ဒေါ့မွန်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ နယူးကာဆယ်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး အန်တိုနီဂေါ်ဒွန်နဲ့ ဘုန်းမောက်အသင်းမှ ဂါနာတိုက်စစ်မှူး ဆီမန်ယိုတို့အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်း၊ ဘရိုက်တန်အသင်း၊ ဖူလ်ဟမ်အသင်းနဲ့ ဘရန့်ဖို့ဒ်အသင်းတို့ဟာ မစ်ဒယ်ဘရော့စ်အသင်းမှ အသက် ၂၁ နှစ်အောက် အင်္ဂလန်ကွင်းလယ်ကစားသမား ဟက်ခ်နေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီတိုက်စစ်မှူး လန်းနက်ကားလ်ကို ခေါ်ယူရန် စောင့်ကြည့်မှု ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# ပီအက်စ်ဂျီအသင်း အမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်

ပီအက်စ်ဂျီအသင်းဟာ အောက်တိုဘာ ၂၅ ရက် ညပိုင်းက ဘရက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

ပီအက်စ်ဂျီအသင်းက ဘရက်စ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ဟာကီမီက နှစ်ဂိုး၊ ဒဇိုင်းယားဒိုအူးက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘလွန်းဒီအောဆုရှင် ဒမ်ဘီလီ တံကောက်ကြောဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် ဘရက်စ်အသင်းရဲ့ အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ရပြီး သုံးမှတ် အပြည့်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။



ပီအက်စ်ဂျီအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၉ ရက်မှာ လော်ရီးယန့်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။



# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း မန်ယူအသင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်သုံးပွဲဆက်အနိုင်ရ လီဗာပူးအသင်း ပရီမီယာလိဂ်လေးပွဲဆက် ရှုံးပွဲကြုံ

မန်ယူအသင်းဟာ ဘရိုက်တန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ကွန်ဟာက တစ်ဂိုး၊ ကတ်စမဲရိုးက တစ်ဂိုး၊ အမ်ဘူမိုက နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ဘရိုက်တန်အသင်းအတွက် ချေပဂိုး နှစ်ဂိုးကိုတော့ ဝဲဘက်က တစ်ဂိုးနဲ့ ကော်စတိုလက်စ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ် သုံးပွဲဆက် နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းကတော့ ဘရန်းဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဘရန်းဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရပြီဖြစ်ပါတယ်။



# ယခုဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၃ ပွဲစလုံး အနိုင်ရလဒ်ဆောင်ကြဉ်းထားနိုင်ခဲ့တဲ့ ဘိုင်ယန်

ဘိုင်ယန်မြူးနစ် အသင်းဟာ အောက်တိုဘာ ၂၅ ရက် ညပိုင်းက မိုချန်ဂလာဘတ်ချ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီးနောက် ယခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၁၃ ပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့မှတ်တမ်းကို ပိုင်ဆိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် အသင်းဟာ မိုချန်ဂလာဘတ်ချ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ကင်မစ်ချ်၊ ဂွါရီရိုနဲ့ လန်းနက်ကားလ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်ကတည်းက ကတိစ်ထရော့ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံရလို့ တစ်ယောက်လျော့နဲ့ကစားခဲ့ရတဲ့ မိုချန်ဂလာဘတ်ချ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းဟာ ဘွန်ဒက်လီဂါ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့ လိုက်ပ်ဇစ်အသင်းကို ငါးမှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ယခုဘောလုံးရာသီအစ ပြိုင်ပွဲစုံ ၁၃ ပွဲစလုံး အနိုင်ရရှိခဲ့တာကြောင့် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီက အေစီမီလန်အသင်း တင်ရှိခဲ့တဲ့စံချိန်ကို လိုက်မီခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ လာမယ့်ပွဲစဉ်မှာ ဂျာမန်ပိုကယ်ဒုတိယအဆင့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၉ ရက်မှာ ကိုလုံအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နိုဝင်ဘာ ၁ ရက်မှာ ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် လေဗာကူဆင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တေးသံဝေဝေ မဲနယ်တောင်ခြေနှင့် အခြားဝတ္ထုတိုများ

ပိုင်ဇင်ဇော်(သတ္တု)၊ ခွန်သက်တင်ဆန်း၊ အမ်းသျှမ်း (သျှိသျှားမြေ)၊ ရဲကျော်၊ ရဲခေါင်ကျော်စွာ၊ စောမူးသာ၊ ကျော်ထွဋ်ခေါင်တို့ စုပေါင်းရေးသားထားသောတေးသံဝေဝေ မဲနယ်တောင်ခြေနှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

ပိုင်ဇင်ဇော်(သတ္တု) ရေးသားသည့် တေးသံဝေဝေ မဲနယ်တောင်ခြေ၊ ခွန်သက်တင်ဆန်း ရေးသားသည့် ဖီးလ်မာရှယ် မောင်ဂိုမာရီ ဆာဒူး၊ အမ်းသျှမ်း (သျှိသျှားမြေ) ရေးသားသည့်တင်ပွဲဘုရား၊ရဲကျော် ရေးသားသည့် မိုင်းယန်းမှသည်၊ ရဲခေါင်ကျော်စွာ ရေးသားသည့် ရွက်စိမ်းလေးတွေ...ဝေ၊ စောမူးသာ ရေးသားသည့် အနီရင့်ရင့် အဖြူ၊ ကျော်ထွဋ်ခေါင် ရေးသားသည့်



ရေနီမြောင်းချစ်သူ စသည့် ဝတ္ထုတို (၇)ပုဒ် ပါရှိသည်။

တပ်မတော်သားတို့၏ ဘဝ၊ တပ်မတော်သားအတွင်း ကြုံတွေ့ရသည့် အတွေ့အကြုံများကို ရေးသားထားသည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း ၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## ရွှေနှုတ်ဖျားက ရွှေစကားလုံးများ

စေတနာလှိုင်၊ ရေစကြို ရေးသားသည့် ရွှေနှုတ်ဖျားက ရွှေစကားလုံးများစာအုပ် ထွက်ရှိလာသည်။

ပညာခေတ်မှာ ပညာရှာ၊ ရွှေအိုးပေးလာ လက်ခံပါ၊ လူငယ်နှင့် စည်းကမ်း၊ ခြိုးခြံချွေတာ မင်္ဂလာ၊ လူ့အရည်အသွေး ဆိုသည်မှာ၊ အချိန်၏တန်ဖိုး၊ စကားချိုသာ ပြောတတ်ပါစေ၊ ယဉ်ကျေးလိမ္မာ အရာရာ၊ ရဟန်းသံဃာတော်များအား လျှောက်ထားနည်း၊ ငြိမ်းငွေ့မှုကို ဖယ်ရှားပါ၊ ကြိုးစားမှုကို အရင်းတည်၊ စိတ်ဆောင်၍ အောင်မြင်သူများ။ မိခင်ဖခင်တို့၏ စိတ်နှလုံးသားက အင်အားများ၊ ချမ်းသာဖို့ထက် ကျန်းမာဖို့က အရေးကြီးသည်၊ ကျန်းမာဖို့အရေး လမ်းလျှောက်ပေး၊ ဗုဒ္ဓဟောကြား ကြီးပွားချမ်းသာရေးတရား၊ လူငယ်တွေ စာများများဖတ်ပါ၊ ကွမ်းစားခြင်းဓလေ့နှင့် ကွမ်းစားခြင်းအန္တရာယ်၊ လူကိုဖျက်တာ အရက်ပါ၊ ဆေးလိပ်၏ ဆိုးကျိုး၊ မူးယစ်ဆေး ဝေးဝေးရှောင်၊



မတော်လောဘ မထားကြနဲ့၊ ဒေါသဟူသည်၊ မထားအပ်သောအရာ၊ ဒေါသကို ဘယ်လိုထိန်းချုပ်မလဲ၊ မုန်းသူကို ချစ်အောင်လုပ်နည်း၊ မေတ္တာပွားနည်း၊ ရွှေအဆိုအမိန့်များ ပါရှိသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် ၂၉၆၊၁/ အနော်မာ (၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၅၀၀ သတ်မှတ်ထားသည်။

## လက်ရိုးလက်ဆန်းကဗျာများ

ဦးတိုး (တက္ကသိလ) ရေးသားသည့် လက်ရိုးလက်ဆန်းကဗျာများ စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ကဗျာအပုဒ်ရေ (၈၀)ပါရှိသည်။ လက်ရိုးလက်ဆန်းကဗျာများစာအုပ်မှာ ရှေးရိုးကဗျာစာဆိုတော်ကြီးများ၏ လက်ရာကို အတုယူ၍ လေ့ကျင့်ရင်း ကိုယ်တိုင်ဖွဲ့ဆိုခဲ့သည့် ကဗျာများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ဤကဗျာများကို လေ့လာလေ့ကျင့်ခြင်းအားဖြင့် အခြေခံကဗျာဆရာတစ်ဦးဖြစ်လာစေရန် ရည်ရွယ်၍ ရေးသားထားသည်။

ကဗျာဆိုသည်မှာ နှလုံးသားမှ ပေါက်ဖွားလာသည့် အနုပညာဖြစ်သည်။ ကဗျာကို မိမိကိုယ်တိုင် ရွတ်ဖတ်ဆိုသည်ထက် အခြားသူတစ်ယောက်က ရွတ်ဖတ်ဆိုသည့် အသံက ပို၍ နားထောင်ကောင်းသည်။ ယနေ့သီဆိုနေသောသီချင်းများထဲတွင် တေးထပ်၊ ဘောလယ်၊



ရတုပိုဒ်စုံ၊ ပတ်ပျိုး၊ လွမ်းချင်း၊ ဒွေးချိုး၊ လေးချိုး၊ တျာချင်းများအပါအဝင် ဖြစ်ပြီး သီချင်းအဖြစ် သီဆိုနေသည်ကို ကြားသိနေရသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ဖုန်း ၀၉ ၈၈၅၀၂၀၀၆၈၊ အမှတ် ၂၁၂ မြေညီ၊ ၃၆ လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိသည်။

# ကမ္ဘောဒီးယားနိုင်ငံက ဆောင်ရွက်နေသည့် အီး-စီးကရက် ထိန်းချုပ်ရေး

**စိုးသူရ**

ယနေ့ခေတ်တွင် လူငယ်များအကြား အီး-စီးကရက် သောက်သုံးသည့် အလေ့အကျင့်များဖြစ်လာသည်ကို ကမ္ဘာ့နိုင်ငံများတွင် တွေ့ရှိနေရသည်။ လူငယ်ဘဝတွင် အပျော်သဘောဖြင့် လက်တည့်စမ်းရာမှစတင်၍ မသုံးစွဲရမနေနိုင်သည့် အဖြစ်သို့ရောက်ရှိကာ ရောဂါများဖြစ်ပွား၍ အသက်ဆုံးရှုံးနေသည်ကိုလည်း တွေ့ရှိနေရသည်။

၎င်းအဖြစ်အပျက်များကြောင့်ကမ္ဘာ့နိုင်ငံများတွင် လူငယ်များ အီး-စီးကရက်သောက်သုံးခြင်းကို တားမြစ်သည့်အမိန့်များ ထုတ်ပြန်ပြီး မျိုးဆက်သစ်များအား သက်ရှည်ကျန်းမာပြီး နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံသားများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်းရှိ လူငယ်များအား အီး-စီးကရက်နှင့် ဆေးတံပိုက်များ သုံးစွဲခြင်းကို တားမြစ်ပိတ်ပင်သည့်ညွှန်ကြားချက်ကို အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်းရှိ လူငယ်များအကြား အီး-စီးကရက်နှင့် ဆေးတံပိုက်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည်ကို သတိပြုမိပြီးနောက် ယခုညွှန်ကြားချက်ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း



ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

အီး-စီးကရက် သောက်သုံးခြင်းသည် ကျောင်းသားများ၏ ကျန်းမာရေးအပေါ်သက်ရောက်မှုရှိပြီး အီး-စီးကရက်သောက်သုံးရာမှ မူးယစ်ဆေးသုံးစွဲသည့် အလေ့အကျင့်ကို ရရှိနိုင်သဖြင့် တားမြစ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း အီး-စီးကရက် ထုတ်လုပ်ရန်အတွက် ဓာတုပစ္စည်းများတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း၊ အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ထုတ်လုပ်ခြင်းတို့ကို ယခုညွှန်ကြားချက်အရ တားမြစ်ကြောင်း သိရသည်။

ယခုထုတ်ပြန်သည့်ညွှန်ကြားချက်အရအစိုးရနှင့် ပုဂ္ဂလိကကျောင်းများ၊ ဆရာအတတ်သင်ကျောင်းများ၊ အဆောင်များ၊ ရပ်ရွာသင်ကြားရေးစင်တာများ၊ အားကစားခန်းမများနှင့် အားကစားဆိုင်ရာ အဆောက်အအုံများအနီးတစ်ဝိုက်တွင် အီး-စီးကရက်နှင့် ဆေးတံပိုက်များအသုံးပြုမှုကို တားမြစ်ရန် ပညာရေးဝန်ကြီးဌာနအား ညွှန်ကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် အီး-စီးကရက်နှင့် ဆေးတံပိုက်များတင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းကို ၂၀၁၄ ခုနှစ်တွင် ပထမဆုံးတားမြစ်ခဲ့သည်။

အီး-စီးကရက်သည်သုံးစွဲသူများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးခဲ့သည်။

ကမ္ဘောဒီးယားအစိုးရသည် အီး-စီးကရက်၏ အန္တရာယ်များအကြောင်းနှင့်ပတ်သက်၍ နိုင်ငံသားများအား ပညာပေးဟောပြောမှုများ ပြုလုပ်နေပြီး နိုင်ငံသားများအား အီး-စီးကရက်သုံးစွဲခြင်းကြောင့် ရရှိလာမည့် ကျန်းမာရေးဆိုးကျိုးများကို အသိပညာပေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး ၎င်းအောင်မြင်မှုသည် ကမ္ဘာ့နိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အီး-စီးကရက်ထိန်းချုပ်ရေးလုပ်ငန်းကို အားဖြည့်နေကြောင်း တွေ့ရှိရသည်။

အီး-စီးကရက်တွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် ဆယ်ကျော်သက်များတွင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေပြီး ပျို့အန်ခြင်းနှင့် ခေါင်းကိုက်ခြင်းဖြစ်ပေါ်စေသည့်အပြင် အသည်း၊ ကျောက်ကပ်နှင့် အာရုံကြောစနစ်ကို ပျက်စီးစေသည်။

အီလက်ထရွန်နစ်စီးကရက်အား ရေရှည်အသုံးပြုခြင်းသည် ခန္ဓာကိုယ်သွေးကြောများ၏ လုပ်ငန်းဆောင်တာများကို သိသိသာသာ ပျက်စီးစေနိုင်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်နိုင်ခြေကို မြင့်မားစေကြောင်း ပညာရှင်များက ပြောကြားသည်။ သို့ဖြစ်ရာ ကျန်းမာရေးအတွက် ဆိုးကျိုးများပေးနိုင်သည့် အီး-စီးကရက်အပါအဝင် ဓာတုပစ္စည်းများကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်မှာ ကျောင်းသားအရွယ်လူငယ်များ၏ တာဝန်ပင်ဖြစ်သည်။

လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံများ၌ အီး-စီးကရက်သုံးစွဲမှုတားမြစ်ရေးကို စနစ်တကျဆောင်ရွက်နေရာ အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည်။ လူငယ်များအတွက် အီး-စီးကရက်ကဲ့သို့သောအရာများကို စွဲလမ်းခြင်းထက် ကျန်းမာစေသည့်လူမှုဘဝပုံစံများကို လိုက်နာဆောင်ရွက်ခြင်းက အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သဖြင့် အီး-စီးကရက် ထုတ်လုပ်သုံးစွဲခြင်းအား တားမြစ်ခြင်းသည် လူငယ်များ၏အနာဂတ်ကို မြှင့်တင်ပေးသည့်လုပ်ငန်းတစ်ရပ်အဖြစ် ဂုဏ်ယူသင့်ကြောင်း ရေးသားအပ်ပါသည်။

ကိုးကား – Cambodia enforces bans on shisha, e-cigarettes

**အီလက်ထရွန်နစ်စီးကရက်အား ရေရှည်အသုံးပြုခြင်းသည် ခန္ဓာကိုယ်သွေးကြောများ၏ လုပ်ငန်းဆောင်တာများကို သိသိသာသာ ပျက်စီးစေနိုင်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်နိုင်ခြေကို မြင့်မားစေကြောင်း ပညာရှင်များက ပြောကြားသည်။ သို့ဖြစ်ရာ ကျန်းမာရေးအတွက် ဆိုးကျိုးများပေးနိုင်သည့် အီး-စီးကရက် အပါအဝင် ဓာတုပစ္စည်းများကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည်မှာ ကျောင်းသားအရွယ်လူငယ်များ၏ တာဝန်ပင်ဖြစ်**

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



အာဆင်နယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆင်နယ်အသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံး၌ လေးမှတ်ဖြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့

အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အောက်တိုဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ပွဲစဉ်မှာ အိမ်ကွင်းအမ်းမရိတ်မှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း ပွဲကစားချိန် ၃၉ မိနစ်မှာ အက်ဇီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❋

## ဂျပန်ခြေစမ်းခရီးစဉ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျ

ရန်ကုန် အောက်တိုဘာ ၂၆

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အောက်တိုဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အောက်တိုဘာ ၂၁ ရက်တွင် ဂျပန်ကလပ်ကူနိုချီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် ကစားသည့်

စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ❄



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲကစားစဉ်။

### ယနေ့ ဖတ်စရာ

**ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်**

စာမျက်နှာ » ၁၃

---

**ကမ္ဘာ့ရာသီဥတုပြောင်းလဲဖြစ်စဉ်နှင့် မြန်မာ့ကော်ဖီ**

ဆောင်းပါး

စာမျက်နှာ » ၁၈

---

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း မန်ယူအသင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်သုံးပွဲဆက်အနိုင်ရ လီဗာပူးအသင်း ပရီမီယာလိဂ်လေးပွဲဆက် ရှုံးပွဲကြုံ**

စာမျက်နှာ » ၂၅

## MNL ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း အိမ်ကွင်း၌ အနိုင်ရ



ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် အောက်တိုဘာ ၂၆

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) ဒုတိယနေ့ကို အောက်တိုဘာ ၂၆ ရက်က ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရောဝတီယူနိုက်တက် အသင်းသည် ယခုရာသီတွင် အိမ်ကွင်းပြန်လည်လက်ခံကျင်းပခြင်းဖြစ်ပြီး ပထမဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီယူနိုက်တက်အသင်းသည် ပွဲအစတွင်ရရှိသည့် လက်ဆောင်ဂိုးဖြင့် ရလဒ်ကောင်းနေသည့် ရတနာပုံအသင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးဇယားတတိယနေရာတွင် ရပ်တည်နေသည့် ရတနာပုံအသင်းအတွက် ဒုတိယမြောက် ရှုံးပွဲဖြစ်ခဲ့သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖